# ကြေးမုံ
The Mirror

၁၃၆၉ ခုနှစ်၊ ဝါခေါင်လဆန်း ၁၄ ရက်၊ တနင်္လာနေ့၊ (27-8-2007) (၅၄၂၂)


**နိုင်ငံရေး ဦးတည်ချက် (၄) ရပ်**

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

**စီးပွားရေး ဦးတည်ချက် (၄) ရပ်**

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက် စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

**လူမှုရေး ဦးတည်ချက် (၄) ရပ်**

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

# ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း မိုးကုတ်-မိုင်းလုံ-ကျောက်မဲလမ်းပိုင်း အခြေအနေများကို ကြည့်ရှုစစ်ဆေး

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်း ကျောက်မဲမြို့နယ် မိုင်းလုံကျေးရွာ လူမှုရေးအသင်းအဖွဲ့ဝင်များအား လက်ဆောင်ပစ္စည်းများ ပေးအပ်စဉ်။

(သတင်းစဉ်)



နေပြည်တော် ဩဂုတ် ၂၆

**နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းသည် ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (မြောက်ပိုင်း) ဥက္ကဋ္ဌ၊ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အောင်သန်းထွဋ်နှင့် တာဝန်ရှိသူများလိုက်ပါလျက် ဩဂုတ် ၂၅ ရက် နံနက် ၈ နာရီတွင် မိုးကုတ်–မိုင်းလုံ–ကျောက်မဲကားလမ်းဘေး ဝဲ၊ ယာရှိ ဖြစ်ထွန်းအောင်မြင်နေသည့် ဆင်းရွှေလီ အထူးအထွက်တိုး စပါးစိုက်ခင်းများ၊ ဆီထွက်သီးနှံ မြေပဲ၊ ပြောင်း၊ လက်ဖက်၊ သစ်တောစိုက်ခင်းများနှင့် မိုးကုတ်–မိုင်းလုံ–ကျောက်မဲလမ်းပိုင်း အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေး၍ ကျောက်မဲမြို့နယ် မိုင်းလုံကျေးရွာသို့ ရောက်ရှိသည်။**

### လက်ဆောင်ပစ္စည်းပေးအပ်

ထို့နောက် မိုးကုတ် – မိုင်းလုံ – ကျောက်မဲ ကျောက်ချောလမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ပြည်နယ်အင်ဂျင်နီယာမှူးကြီး ဦးဝင်းနိုင်၊ ကျောက်မဲခရိုင် အင်ဂျင်နီယာမှူး ဦးခင်မောင်ဦးနှင့် တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြရာ တိုင်းမှူး ဗိုလ်ချုပ်အောင်သန်းထွဋ်က ဖြည့်စွက်ရှင်းလင်းတင်ပြသည်။ ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းက လိုအပ်သည်များ မှာကြားညွှန်ကြားပြီး ဆောင်ရွက်ပေးပြီး လူမှုရေးအသင်းအဖွဲ့ဝင်များအား လက်ဆောင်ပစ္စည်းများ ပေးအပ်သည်။

အဆိုပါ ကျောက်မဲ–မိုင်းလုံ–မိုးကုတ်လမ်းသည် ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျောက်မဲမြို့နှင့် မန္တလေးတိုင်း မိုးကုတ်မြို့တို့သို့ ဆက်သွယ်ထားသော လမ်းဖြစ်ပြီး ကျောက်မဲမှ မိုးကုတ်အထိ ၇၆ မိုင် ကွာဝေးသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း၊ တိုင်းမှူးနှင့် **စာမျက်နှာ ၃ ကော်လံ ၁ သို့ ***

## အဆိုးမြင်ဝါဒနဲ့ မျက်မှန်စိမ်းတပ်ကြည့်မနေဘဲ အရှိကို အရှိအတိုင်း ရှုမြင်သုံးသပ်

**ဘယ်အရာမဆို အဆိုးနဲ့အကောင်း ဒွန်တွဲနေတတ်တာဖြစ်တဲ့အတွက် အဆိုးမြင်ဝါဒနဲ့သာ မျက်မှန်စိမ်းတပ်ပြီး ကြည့်မနေဘဲ နိုင်ငံတော်အစိုးရရဲ့ စေတနာတွေနဲ့ နိုင်ငံတော်ကြီး အမှန်တကယ် ဖွံ့ဖြိုးတိုးတက် လာတာတွေကို အရှိကို အရှိအတိုင်း ရှုမြင်သုံးသပ်နိုင်ကြဖို့ လိုအပ်ပါတယ်။**

**ဒါ့ပြင် မလွှဲမရှောင်သာ လောင်စာဆီဈေးနှုန်း မြင့်တက်လာရတာကို ပြည်သူတွေအချင်းချင်း အခွင့်ကောင်း မယူမိကြဖို့လည်း အရေးကြီးပါတယ်။ လောင်စာဆီဈေးကြောင့် ပိုမိုကုန်ကျရတာကနည်းနည်း၊ မိမိ ဈေးတင်လိုက်တာက များများမဖြစ်အောင် သတိပြုဖို့ လိုအပ်ပါတယ်။**

ကျော်စွာမျိုးထက်၏ *"ယနေ့ကမ္ဘာနှင့် လောင်စာဆီဈေးနှုန်းပြဿနာ"* (ဆောင်းပါး) စာမျက်နှာ– ၈၊ ၉

**နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။**

ကြေးမုံ The Mirror
၂၇-၈-၂၀၀၇
(တနင်္လာနေ့)

## တစ်ကွက်ပေါ်တစ်ကွက်စိုက်နိုင်ရေး ကြိုတင်ဆောင်ရွက်

စိုက်ပျိုးရာသီဖြစ်သည်နှင့်အညီ ပြည်နယ်နှင့်တိုင်းအသီးသီးတွင် မိုးစပါးများ စိုက်ပျိုးနေကြသည်။ အချို့ဒေသများတွင် ရေတော်မိုးတော်မိုးစပါး ထွန်တုံးပိတ်နိုင်ခဲ့ကြပြီဖြစ်သည်။ စပါးကို တစ်မိုးနှစ်သီး၊ မတ်ပဲ သို့မဟုတ် ပဲတီစိမ်းတစ်သီးနှင့် မိုးစပါး၊ ပဲ၊ နွေစပါး တစ်နှစ်သုံးသီး စိုက်ပျိုးနိုင်ရေး အားထုတ်လုပ်ကိုင်နေကြသည်။

ယခုအခါ အချို့ဒေသများတွင် ရွာသွန်းမြဲထက် မိုးပိုမိုရွာသွန်းခြင်း၊ မြစ်ရေကြီးခြင်းများကြောင့် ရေကြီးနစ်မြုပ်မှုများ ဖြစ်ပေါ်ခဲ့သည်။ ယင်းသို့သော ဒေသများတွင် မြစ်ရေကြီးခြင်းကြောင့် စိုက်ပျိုးပြီးသီးနှံများ ပျက်စီးဆုံးရှုံးမှုမရှိစေရေး၊ အစားထိုးစိုက်ပျိုးနိုင်ရေး ကြိုတင်ဆောင်ရွက်မှုများ ပြုလုပ်ထားကြရန် လိုအပ်သည်။

ဒေသ၏ ရေမြေအခြေအနေပေါ် မူတည်၍ အထွက်ကောင်းသက်လျှင်မျိုးများ ကြိုတင်စုဆောင်းခြင်း၊ အရန်ပျိုးများ ပိုမိုထောင်ထားခြင်း၊ အချိန်မီ ပြန်လည်စိုက်ပျိုးပြီးစီးရေး၊ အစားထိုးစိုက်ပျိုးနိုင်ရေးတို့အတွက် ကောက်စိုက်အဖွဲ့များ ဖွဲ့စည်းထားခြင်းများကို ကြိုတင်စီစဉ်ကြရမည် ဖြစ်သည်။

မိုးလယ်ကာလ စောစောပိုင်းတွင် ရေကြီးနစ်မြုပ်၍ သီးနှံများ ပျက်စီးပါက သက်လျှင်မျိုး၊ သက်လတ်မျိုး၊ မိုးလယ်ကာလနှောင်းပိုင်းတွင် ဖြစ်ပွားပါက သက်လျှင်မျိုး၊ ရာသီစပါးမျိုးများသုံးရန်နှင့် မိုးနှောင်းကာလနောက်ပိုင်းတွင် ဖြစ်ပွားပါက အခြားသီးနှံများ အစားထိုးစိုက်ပျိုးကြရန် သက်ဆိုင်ရာက နှိုးဆော်ထားသည်။

ထို့အပြင် ရေမြုပ်စိုက်ခင်းများနှင့် ပြန်လည်အစားထိုး စိုက်ခင်းများ၌ ပုလဲဓာတ်မြေဩဇာများ ထည့်ပေးခြင်း၊ ရေကြီးနစ်မြုပ်ပြီး ရေကျသွားပါက ပိုးမွှားများ ကျရောက်တတ်သဖြင့် ဆေးပက်ဖျန်း ကာကွယ်နှိမ်နင်းခြင်းများကိုလည်း ဂရုပြုလုပ်ကိုင်ကြရန် လိုအပ်သည်။

တောင်သူလယ်သမားများအနေဖြင့် သဘာဝဘေးဒဏ်ကြောင့် မိမိတို့၏ စိုက်ပျိုးရေးလုပ်ငန်းများ ပျက်စီးဆုံးရှုံးမှု မရှိစေရေးအတွက် သက်ဆိုင်ရာဌာနများက ထုတ်ပြန်ထားသည့် ကြိုတင်ကာကွယ်ရေး အစီအမံများနှင့်အညီ လိုက်နာဆောင်ရွက်ကြရမည်ဖြစ်သည်။ အထူးသဖြင့် တောင်သူလယ်သမားများ၊ ဒေသဆိုင်ရာအာဏာပိုင်များ၊ စိုက်ပျိုးရေးကော်မတီများ ပေါင်းစည်းပြီး တစ်ကွက်ပေါ်တစ်ကွက် စိုက်စနစ်ဖြင့် ကြိုးပမ်းစိုက်ပျိုးကြခြင်းဖြင့် ရေကြီးနစ်မြုပ်သည့် လယ်ယာမြေများ အပြည့်အဝ ပြန်လည်စိုက်ပျိုးနိုင်မည် ဖြစ်ပါသည်။ ။




**အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာမြေမြတ်မဟာရှိ ဗုဒ္ဓဂယာမြန်မာကျောင်း(မူလကျောင်းဟောင်းအနောက်ဘက်) တိုးချဲ့မြေနှစ်ဧက ဝယ်ယူရန်နှင့် သာသနိကအဆောက်အအုံ ဆောက်လုပ်ရန်အတွက် တာမွေမြို့နယ် ဗျိုင်းရွာမရပ်ကွက် သမာဓိလမ်းနေ ဦးခင်မောင်-ဒေါ်စန်းရီမိသားစုတို့က အလှူငွေကျပ်တစ်သိန်းကို ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်းကျောင်းလမ်းနှင့် အောင်တော်မူလမ်းရှိ မြန်မာနိုင်ငံ ဗုဒ္ဓဂယာကျောင်း အမှုဆောင်ဆရာတော် အရှင်ကလျာဏ(နာလန္ဒာ) ထံ ဆက်ကပ် လှူဒါန်းစဉ်။**
(ကြေးမုံ)

## ကြံခင်းမြို့ရေဝန်းဆရာတော် သစ္စာတရားဟောကြားမည်

**ရန်ကုန် ဩဂုတ် ၂၆**

ဧရာဝတီတိုင်း ကြံခင်းမြို့ စံရာတိုက် ရေဝန်းကျောင်း ပဓာနနာယက သာသနဓဇ ဓမ္မာစရိယ ကမ္မဋ္ဌာနာစရိယဆရာတော် ဘဒ္ဒန္တစိတ္တိတ အရှင်သူမြတ်သည် ဝါတွင်းသုံးလ ဥပုသ်နေ့တိုင်း မိုးကုတ်ဝိပဿနာ ဓမ္မရိပ်သာအဖွဲ့ခွဲ အမှတ်(၈၀) ဓမ္မာရုံကြီးတွင် ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာ တော်ကြီး၏ ဥပနိဿယအတိုင်း ခန္ဓာပဋိစ္စသမုပ္ပာဒ်နှင့် သစ္စာလေးပါး တရားတော်များကို ဟောကြားမည်ဖြစ်ရာ မည်သူမဆို တရားလာရောက်နာယူနိုင်ရန် နှိုးဆော်ထားကြောင်း သိရသည်။
(က-ပ)

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

# ရန်ကုန်တိုင်း အခြေခံပညာအဆင့် (၁၅)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီးပြိုင်ပွဲ ဖွင့်ပွဲကျင်းပ

ရန်ကုန် ဩဂုတ် ၂၆

**ရန်ကုန်တိုင်း အခြေခံပညာအဆင့် (၁၅)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယမန်နေ့ နံနက် ၇ နာရီတွင် ဗိုလ်တထောင်မြို့နယ် အမှတ်(၆)အခြေခံပညာအထက်တန်းကျောင်း အောင်ကျော်ခန်းမ၌ ကျင်းပရာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှဋ္ဌေးဝင်းနှင့်ဇနီး ဒေါ်မာမာဝေ တက်ရောက်အားပေးချီးမြှင့်သည်။**



**ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှဋ္ဌေးဝင်းနှင့်ဇနီး ဒေါ်မာမာဝေ ရန်ကုန်တိုင်း အခြေခံပညာအဆင့် (၁၅)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားတွင် ဖျော်ဖြေတင်ဆက်ကြသည့် ကျောင်းသား၊ ကျောင်းသူများအား ဂုဏ်ပြုပန်းခြင်း ပေးအပ်ချီးမြှင့်စဉ်။**
(သတင်းစဉ်)

အစီအစဉ်အရ ရန်ကုန်တိုင်း အခြေခံပညာအဆင့် (၁၅)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ကျင်းပရေးကော်မတီနာယက အမှတ်(၃)အခြေခံပညာဦးစီးဌာန ဒုတိယ ညွှန်ကြားရေးမှူးချုပ် ဦးမျိုးမြင့်က ပြိုင်ပွဲကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးသည်။

ထို့နောက် ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှဋ္ဌေးဝင်းက အမှာစကားပြောကြားပြီး ရန်ကုန်တိုင်း အခြေခံပညာအဆင့် ပြိုင်ပွဲကျင်းပရေးကော်မတီဥက္ကဋ္ဌ၊ အမှတ်(၃)အခြေခံပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး(ပညာ) ဦးကြည်သန်းက ပြိုင်ပွဲကျင်းပရေး ဆောင်ရွက်ထားရှိမှုများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ကျောင်းသား၊ ကျောင်းသူလေးများက "ဇာတိမာန်"၊ "စိန်စီသောတေးတစ်ပုဒ်"၊ "ဩရိသမေတ္တာပို့"၊ "အောင်စေပိုင်စေ" တေးသီချင်းများဖြင့် သီဆိုကပြ ဖျော်ဖြေကြပြီး တိုင်းမှူးနှင့်ဇနီးတို့က ဖျော်ဖြေတင်ဆက်ကြသည့် ကျောင်းသား၊ ကျောင်းသူများအား ဂုဏ်ပြုဆုငွေ ကျပ်နှစ်သိန်းနှင့် ဂုဏ်ပြုပန်းခြင်း ပေးအပ်ချီးမြှင့်ကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ပြိုင်ပွဲသို့ ရန်ကုန်တိုင်းအတွင်းရှိ အခြေခံပညာကျောင်းများမှ ကျောင်းသား၊ ကျောင်းသူ ၂၅၀ ပါဝင်ယှဉ်ပြိုင်ကြောင်း သတင်းရရှိသည်။
(သတင်းစဉ်)

## EARTHQUAKE ENGINEERING COURSE LEVEL(1) စက်တင်ဘာ ၁ ရက် ဖွင့်လှစ်မည်

**ရန်ကုန် ဩဂုတ် ၂၆**

မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်း လက်အောက်ရှိ Structural Technical Division မှ Earthquake Engineering Course Level (1) ကို စက်တင်ဘာ ၁ ရက်တွင် စတင်ဖွင့်လှစ်မည်ဖြစ်ပြီး Level (2)ကို WORLD SEISMIC SAFETY INITIATIVES (WSSI)မှ ကြီးမှူး၍ နိုဝင်ဘာအတွင်း ဆက်လက်ဖွင့်လှစ်သင်ကြားမည်ဖြစ်သည်။

အသေးစိတ်သိလိုပါက မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း လှိုင်မြို့နယ် ဖုန်း-၀၁-၅၁၉၆၇၃ မှ ၅၁၉၆၇၆၊ လိုင်းခွဲ ၃၀၄သို့ ဆက်သွယ်စုံစမ်းနိုင်သည်။
(သတင်းစဉ်)




**ရန်ကုန်ကလေးဆေးရုံကြီးရှိ ကလေးငယ်များ အာဟာရပြည့်ဝမှုအထောက်အကူပြုနိုင်ရန်အတွက် Myanmar Distribution Group မှ ငွေကျပ် ၁၄ သိန်းတန်ဖိုးရှိ Calsome Kid Cereal အထုပ်ကြီး ၆၀၀ကို မန်နေဂျင်းဒါရိုက်တာ ဦးအောင်မော်သိန်းနှင့်အဖွဲ့က ရန်ကုန်ကလေးဆေးရုံအုပ်ကြီး ဒေါက်တာဦးအောင်ကြည်ဝင်းထံ ဩဂုတ် ၂၄ ရက်က ပေးအပ်လှူဒါန်းစဉ်။**
(ကလေးဆေးရုံကြီး)

## ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့် ဓာတ်အားစနစ် ကွပ်ကဲရေးလုပ်ငန်း စစ်ဆေး

**ရန်ကုန် ဩဂုတ် ၂၆**

အမှတ်(၂)လျှပ်စစ်စွမ်းအား ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်သည် ယမန်နေ့ မွန်းလွဲပိုင်းတွင် ဌာနဆိုင်ရာ တာဝန်ရှိသူများ လိုက်ပါလျက် ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့ရုံးချုပ်ရှိ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း ဓာတ်အားစနစ်ကွပ်ကဲရေးဌာနသို့ သွားရောက်ပြီး ဓာတ်အားစနစ် ကွပ်ကဲရေးဆိုင်ရာ လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ဝန်ကြီးနှင့်အဖွဲ့အား မြန်မာ့လျှပ်စစ် ဓာတ်အားလုပ်ငန်း ဓာတ်အားစနစ်ကွပ်ကဲရေးဌာန အင်ဂျင်နီယာမှူးကြီး ဒေါ်ပွင့်သန်းက လက်ခံရရှိသည့် လျှပ်စစ်ဓာတ်အားများကို စနစ်တကျ ထိန်းသိမ်းဖြန့်ဖြူးပေးနေမှု အခြေအနေများကိုရှင်းလင်းတင်ပြသည်။ ရှင်းလင်းတင်ပြမှုများအပေါ် ဝန်ကြီးက ဓာတ်အားစနစ်ကွပ်ကဲရေးဌာနသည် နိုင်ငံအတွင်း လျှပ်စစ်ဓာတ်အား စနစ်တကျ ဖြန့်ဖြူးပေးနိုင်မှုအတွက် အရေးပါသောဌာနဖြစ်ကြောင်း၊ ဓာတ်အားပေးစက်ရုံများမှ ထုတ်လုပ်ပေးနိုင်မှုနှင့် လျှပ်စစ်ဓာတ်အားလိုအပ်ချက်အပေါ်မူတည်၍ စနစ်တကျဖြန့်ဖြူးပေးသွားရန်လိုအပ်ကြောင်း၊ တာဝန်ရှိသူများက အောက်ခြေအထိ ကွင်းဆင်း၍ ကြပ်မတ်ကွပ်ကဲ ဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း၊ မိမိဌာနရည်မှန်းချက်များ တိုးတက်အောင်မြင်ရေးအတွက် ညီညွတ်စွာဖြင့် ညှိနှိုင်းပေါင်းစပ် ဆောင်ရွက်သွားကြဖို့လိုကြောင်း မှာကြားပြီး ဓာတ်အား စနစ်ကွပ်ကဲရေးဌာန Control Board များ၊ Telecommunication Panal များနှင့် ဓာတ်အားစနစ်ကွပ်ကဲမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးကြောင်း သတင်းရရှိသည်။
(သတင်းစဉ်)

## မြန်မာနိုင်ငံ ဆေးပညာရှင်အဖွဲ့၏ နှစ်ဝက် မျက်နှာစုံညီ အစည်းအဝေးကျင်းပမည်

**ရန်ကုန် ဩဂုတ် ၂၆**

မြန်မာနိုင်ငံ ဆေးပညာရှင်အဖွဲ့၏ ၂၀၀၇ခုနှစ် နှစ်ဝက် မျက်နှာစုံညီ အစည်းအဝေးကို စက်တင်ဘာ ၂ ရက် (တနင်္ဂနွေနေ့) နံနက် ၈ နာရီမှ စတင်၍ ရန်ကုန်မြို့ လမ်းမတော်မြို့နယ် ဗိုလ်ချုပ်အောင်ဆန်းလမ်းရှိ သူနာပြုတက္ကသိုလ်(ရန်ကုန်) အစည်းအဝေးခန်းမ၌ ကျင်းပမည်ဖြစ်ရာ ဆေးပညာရှင်အဖွဲ့ဝင်များနှင့် အထူးဖိတ်ကြားထားသူများ ကြွရောက်ပါရန်နှင့် ဆေးပညာရှင်အဖွဲ့ဝင်များအနေဖြင့် နံနက် ၈ နာရီမှ စတင်မှတ်ပုံတင်နိုင်ကြောင်း သတင်းရရှိသည်။
(သတင်းစဉ်)

*** ရှေ့ဖုံးမှ**

အဖွဲ့သည် ကျောက်မဲမြို့နယ် ပန်စံကျေးရွာသို့ သွားရောက်၍ ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်းက ကျေးရွာရှိ လူမှုရေးအသင်းအဖွဲ့များအား လက်ဆောင်ပစ္စည်းများ ပေးအပ်သည်။

### လက်ဆောင်ပစ္စည်းပေးအပ်

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းသည် မိုးကုတ်-မိုင်းလုံ-ကျောက်မဲ ကားလမ်းဘေးဝဲ/ယာ၌ လေ့ကားထစ်စနစ်ဖြင့် စိုက်ပျိုးထားသည့် စပါးစိုက်ခင်းများ၊ ဆီထွက်သီးနှံ၊ ပဲပုပ်၊ လက်ဖက်နှင့် ပြောင်းစိုက်ခင်းများကို မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ကျောက်မဲခရိုင် ပန်ကွမ်ကျေးရွာသို့ ရောက်ရှိရာ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းက ကျေးရွာရှိ လူမှုရေးအသင်းအဖွဲ့ဝင်များအား လက်ဆောင်ပစ္စည်းများ ပေးအပ်သည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းသည် မိုးကုတ်-မိုင်းလုံ-ကျောက်မဲ ကားလမ်းဘေးဝဲ/ယာ၌ ဖြစ်ထွန်းအောင်မြင်နေသည့် လက်ဖက်စိုက်ခင်းနှင့် ကားလမ်းပိုင်းအခြေအနေများကို လှည့်လည်ကြည့်ရှု စစ်ဆေး၍ မော်တော်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာလာရာ ကျောက်မဲမြို့သို့ ရောက်ရှိသည်။ ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းသည် ကျောက်မဲ-လားရှိုး ကားလမ်းတစ်လျှောက် လမ်းဘေး ဝဲ/ယာ၌ ဖြစ်ထွန်းအောင်မြင်နေသည့် ဆင်းရွှေလီ စပါးစိုက်ခင်းများ၊ ကြံ၊လက်ဖက်၊ ပြောင်းနှင့် မြေပဲစိုက်ခင်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ဆက်လက်ထွက်ခွာလာရာ လားရှိုးမြို့သို့ ရောက်ရှိသည်။ (သတင်းစဉ်)




ရန်ကုန်မြို့ ကမာရွတ်မြို့နယ် သံလွင်လမ်းနေ (ဒေါက်တာချန်တိတ်)၏ ဇနီး ဒေါ်ခင်ဖွားမိသားစုက လှိုင်မြို့နယ် မေတ္တာဝါဒီ ဟသ်ာတ(ပရဟိတ) ကျောင်းတိုက်ရှိ ဆရာတော် သံဃာတော်၊ ရှင်သာမဏေ၊ ကျောင်းသားများ အတွက် ထာဝရပစ္စည်းလေးပါး ငွေပဒေသာပင် ကျပ်သိန်း ၅၀ ကို မေတ္တာဝါဒီဆရာတော် ဘဒ္ဒန္တ သီလာနန္ဒထံ ဇူလိုင် ၁၅ ရက်က ၎င်းတို့၏ နေအိမ်၌ ဆက်ကပ်လှူဒါန်းစဉ်။ (က-ပ)

## MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၇-၈-၂၀၀၇ (တနင်္လာနေ့)

- ၇း၀၀ MRTV-4 အဖွင့်Logo၊ ယနေ့အစီအစဉ်
- ၇း၀၅ အနှိုင်းမဲ့ မိတရားတော် (အပိုင်း-၂) (ဆရာတော်အရှင်စန္ဒာဓိက)
- ၈း၀၅ ကြည့်စွအယူခန္ဓာ့အလှူ ဓမ္မနှင့်လူ
- ၈း၃၀ တေးဂီတအစီအစဉ်
- ၈း၄၀ သဘာဝကပေးတဲ့ အကျိုးအာနိသင်
- ၈း၅၀ တေးဂီတအစီအစဉ်
- ၈း၅၅ မြေပြင်ပေါ်တွင်လှသည့် သာသနာ့ဗိမာန်တည်
- ၉း၁၅ ပြည်တွင်းသတင်းအကျဉ်း
- ၉း၂၅ သိမ်းဆည်းထာဝစဉ် မည့်ပုံးပန်းအသွင်
- ၉း၄၀ တေးဂီတအစီအစဉ်
- ၉း၄၅ ဘိုင်းဒါးတံတား
- ၉း၅၅ နိုင်ငံတကာသတင်းအကျဉ်း
- ၁၀း၀၅ ကျန်းမာပျော်ရွှင်မီးအိမ်ရှင်ကဏ္ဍ (အမျိုးသမီး သားဥကင်ဆာနှင့် ပတ်သက်သောကျန်းမာရေး အမေးအဖြေများ) (ဒေါ်သည်တော်-သူသူဟံသာ)
- ၁၀း၃၀ မိုးလေဝသခန့်မှန်းချက်
- ၁၀း၃၅ လောင်စာစွမ်းအင်အတွက် အားထားရမည့်ခြစ်သည်းရိုး ကြက်ဆူပင်များ
- ၁၀း၅၀ တေးဂီတအစီအစဉ်
- ၁၀း၅၅ **အလျော်အစား(ဇင်ပိုင်းငွေ စင်သွန်းခင်သန်းနွယ်) (ဒါရိုက်တာ-ကျော်ဇောလင်း)**
- ၁၁း၀၅ ပြည်တွင်းသတင်းအကျဉ်း
- ၁၁း၁၅ **MRTV-4 စာအုပ်စင်ကဏ္ဍ Angel (နတ်မိမယ်)ဂျာနယ် တာဝန်ခံအယ်ဒီတာ ညိုသစ်ငယ်နှင့် တွေ့ဆုံခြင်း**
- ၁၁း၄၀ တေးဂီတအစီအစဉ်
- ၁၁း၄၅ သုဒဿနတောင်ပေါ်မှ လေးဆူဓာတ်ပျော် "ပြည်ရွှေဆံတော်"
- ၁၁း၅၅ နိုင်ငံတကာသတင်းအကျဉ်း
- ၁၂း၀၀ အာဆီယံ အမျိုးသမီးဘောလုံး ပြိုင်ပွဲဝင်မည့် အိမ်ရှင်မြန်မာ အသင်းနှင့် တွေ့ဆုံခြင်း
- ၁၂း၂၀ တေးဂီတအစီအစဉ်
- ၁၂း၂၅ အရသာတစ်မူထူးခြား ကိုရီးယားအစားအစာများ (ရေညှိ ထမင်းလိပ်၊ ပဲခေါက်ဆွဲ)
- ၁၂း၃၅ တေးဂီတအစီအစဉ်
- ၁၂း၄၀ ထူးထူးခြားခြားရာသီဥတု ဖြစ်စဉ်များ
- ၁း၀၀ MRTV-4 အပိတ် Logo

**အထက်ပါ ၆ နာရီစာ အစီအစဉ်များကို နံနက် ၇ နာရီမှ မွန်းလွဲ ၁ နာရီအထိ တစ်ကြိမ်၊ မွန်းလွဲ ၁ နာရီမှ ည ၇ နာရီ အထိ တစ်ကြိမ်၊ ည ၇ နာရီမှ နံနက် ၁ နာရီအထိ တစ်ကြိမ်၊ နံနက် ၁ နာရီမှ နံနက် ၇ နာရီအထိ တစ်ကြိမ် လေးကြိမ်ဆက်တိုက် ၂၄ နာရီအချိန်ပြည့် ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။**

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တာနာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

# အမျိုးသားညီလာခံကိုယ်စားလှယ်များ ကျိုက်ခေါက်စေတီတော်နှင့် ရွှေတိဂုံစေတီတော် ဖူးမြော် ခရစ်ယာန်ဘာသာဝင် ညီလာခံကိုယ်စားလှယ်များ ဝတ်ပြုဆုတောင်း

ရန်ကုန် ဩဂုတ် ၂၆

**ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်း၌ ကျင်းပလျက်ရှိသည့် အမျိုးသားညီလာခံသို့ တက်ရောက်နေကြသော အမျိုးသားညီလာခံကိုယ်စားလှယ်များသည် အမျိုးသားညီလာခံကျင်းပရေး၊ ဖိတ်ကြားရေးနှင့် ကြိုဆိုနေရာချထားရေးဆပ်ကော်မတီ၏ စီစဉ်မှုဖြင့် အမျိုးသားညီလာခံ နားရက်ဖြစ်သည့် ယမန်နေ့ (စနေနေ့) နံနက်ပိုင်းတွင် ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့နယ်ရှိ သမိုင်းဝင် ဆံတော်ရှင်ကျိုက်ခေါက်စေတီတော်သို့ ရောက်ရှိကြရာ စေတီတော်ရင်ပြင်ရှိ ကြေးသွန်းမဟာမြတ်မုနိတန်ဆောင်း၌ စေတီတော်ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးမြတ်စိုး(ငြိမ်း)က ကြိုဆိုနှုတ်ခွန်းဆက်စကားနှင့် စေတီတော်သမိုင်းအကျဉ်းကို ရှင်းလင်းပြောကြားသည်။**

ယင်းနောက် အမျိုးသားညီလာခံ ကိုယ်စားလှယ်များသည် ဆံတော်ရှင် ကျိုက်ခေါက် စေတီတော်အတွက် စုပေါင်း လှူဒါန်းငွေများကို စေတီတော် ဂေါပကအဖွဲ့ဥက္ကဋ္ဌထံ ပေးအပ်လှူဒါန်းကြပြီး စေတီတော်အား လှည့်လည် ဖူးမြော်ကြည်ညိုကြသည်။

ထို့အတူ အမျိုးသားညီလာခံ ကိုယ်စားလှယ်များသည် အမျိုးသားညီလာခံ ကျင်းပရေး စီမံခန့်ခွဲမှုကော်မတီ ဖိတ်ကြားရေးနှင့် ကြိုဆိုနေရာချထားရေး ဆပ်ကော်မတီမှ တာဝန်ရှိသူများလိုက်ပါလျက် ယနေ့ (တနင်္ဂနွေနေ့) နံနက် ၈ နာရီခွဲတွင် ရန်ကုန်မြို့ရှိ ရွှေတိဂုံ စေတီတော်မြတ်ကြီးသို့ ရောက်ရှိကြပြီး ရှေးဦးစွာ စေတီတော်အထက် ပစ္စယာ၌ ကိန်းဝပ်စံပယ်တော်မူသည့် ပတ္တမြားမျက်ရှင် ရုပ်ပွားတော်မြတ်အား ဖူးမြော်ကြည်ညိုကြသည်။

### ကောင်းမှုကုသိုလ်ပြုလုပ်

ထို့နောက် အမျိုးသားညီလာခံ ကိုယ်စားလှယ်များသည် ရွှေတိဂုံစေတီတော် မြတ်ကြီးအား လက်ယာရစ် တစ်ပတ် လှည့်လည်ဖူးမြော် ကြည်ညိုကြပြီး ဗုဒ္ဓရုပ်ပွားဆင်းတုတော်မြတ်များအား ပန်း၊ ရေချမ်း၊ အလင်းတိုင်နှင့် အမွှေးနံ့သာတိုင်များ ဆက်ကပ်လှူဒါန်းပူဇော်ခြင်း၊ ဂြိုဟ်တိုင်ရှိ ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအား ရေသပ္ပာယ်ခြင်း၊ စေတီတော်မြတ်ကြီးအတွက် အလှူငွေများ ထည့်ဝင်လှူဒါန်းခြင်းစသည့် ကောင်းမှုကုသိုလ်များ ပြုလုပ်ကြသည်။

အလားတူ ခရစ်ယာန်ဘာသာဝင် အမျိုးသားညီလာခံ ကိုယ်စားလှယ်များသည် အမျိုးသားညီလာခံ နားရက်ဖြစ်သည့် ယနေ့ (တနင်္ဂနွေနေ့) နံနက်ပိုင်းတွင် ရန်ကုန်မြို့ ကြည့်မြင်တိုင် စမ်းချောင်းကရင်နှစ်ခြင်း အသင်းတော်သို့ သွားရောက်ဝတ်ပြု ဆုတောင်းကြသည်။ (သတင်းစဉ်)



### ရေသပ္ပာယ်

**အမျိုးသားညီလာခံ ကိုယ်စားလှယ်များ သန်လျင်မြို့နယ်ရှိ သမိုင်းဝင် ဆံတော်ရှင် ကျိုက်ခေါက်စေတီတော်ရှိ ဗုဒ္ဓရုပ်ပွားဆင်းတုတော်အား ရေသပ္ပာယ်ကြစဉ်။** (သတင်းစဉ်)

## ပန်းတစ်ပွင့်တောင် လျှပ်စစ်မီးလင်းရေး စတင်ဆောင်ရွက်

**ရန်ကုန် ဩဂုတ် ၂၆**

ရန်ကုန်မြောက်ပိုင်းခရိုင် တိုက်ကြီးမြို့နယ် ပန်းတစ်ပွင့်တောင်တောရ သာသနာ့နယ်မြေ ပန်းတစ်ပွင့်တောင်ဆရာတော် သဒ္ဓမ္မဇောတိကဇ ဘဒ္ဒန္တ ပညာသာရ အရှင်သူမြတ်ကြီးမှူး၍ ပန်းတစ်ပွင့်တောင် စေတီတော်များနှင့် သာသနိက အဆောက်အအုံများ ငွေကျပ် သိန်းတစ်ထောင်ကျော် အကုန်အကျခံ လျှပ်စစ်မီးလင်းရေးကို သက်ဆိုင်ရာများ၏ ခွင့်ပြုချက်ဖြင့် ဆောင်ရွက်လျက်ရှိရာ ယခုအခါ ပေ ၃၀ အမြင့်ရှိ ဓာတ်မီးတိုင်များ စတင်စိုက်ထူပြီး မကြာမီ ကြေးနန်းကြိုးများ သွယ်တန်းမည်ဖြစ်သည်။

ဓာတ်မီးတိုင်တစ်တိုင်နှင့်ကြေးနန်းကြိုးအပါအဝင် တစ်ခန်းငွေ ကျပ်သုံးသိန်း အလှူရှင်များ အလှူငွေပေးအပ်ပွဲနှင့် လျှပ်စစ်မီးလင်းရေးကော်မတီ၊ ဝေယျာဝစ္စ အဖွဲ့ဝင်များ အစည်းအဝေးကို စက်တင်ဘာ ၂ ရက် (တနင်္ဂနွေနေ့) နံနက် ၁၀ နာရီတွင် ကျင်းပမည်ဖြစ်ရာ ကော်မတီဝင်များနှင့် ဝေယျာဝစ္စအဖွဲ့ဝင်များ အချိန်မီ ကြွရောက်ရန် ပန်းတစ်ပွင့်တောင်ဆရာတော်က ဖိတ်ကြားထားပြီး လှူဒါန်းလိုသူများသည် ပန်းတစ်ပွင့်တောင်ဆရာတော် ဖုန်း- ၀၉၅၁၉၃၈၄၅ နှင့် ဝေယျာဝစ္စအဖွဲ့ဝင်များထံ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)



**ပုသိမ်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးပါစည်နှင့် ဇနီး ဒေါ်ခင်မာကြည်နှင့် အဖွဲ့ဝင်များ ဩဂုတ် ၁၂ ရက်တွင် ပုသိမ်မြို့ပေါ်ရှိ ကျောင်းတိုက်အသီးသီး၌ ဝါဆိုဝါကပ်တော်မူကြသော သံဃာတော် အပါး ၂၈၀၀ ကျော်တို့အား အရုဏ်ဆွမ်း လောင်းလှူကြစဉ်။** (သတင်းစဉ်)

## ခရမ်းချောင်းအတွင်းသို့ ငါးမျိုးစိုက်ထည့်

**ရန်ကုန် ဩဂုတ် ၂၆**

ရန်ကုန်တောင်ပိုင်းခရိုင် ခရမ်းမြို့နယ်တွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ဦးဆောင်၍ ငါးလုပ်ငန်းဦးစီးဌာန၏ အစီအစဉ်ဖြင့် ဩဂုတ် ၁၁ ရက် နံနက်က မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း စံပြစပါးစိုက်ခင်းအတွင်း ငါးခုံးမကြီးမျိုး ၂၅၀၀၀ နှင့် ငါးမြစ်ချင်းမျိုး ၅၀၀၀၀ တို့အားလည်းကောင်း၊ ခရမ်းချောင်းအတွင်းသို့ ငါးခုံးမကြီး ၂၅၀၀၀ နှင့် ငါးမြစ်ချင်း ၅၀၀၀၀ တို့အားလည်းကောင်း ငါးမျိုးစိုက်ထည့်ပွဲကို ကျင်းပသည်။ **(ဓာတ်ပုံ)**



အခမ်းအနားသို့ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးလှသောင်း၊ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်ခင်ခင်ချစ်၊ ရန်ကုန်တောင်ပိုင်းခရိုင် ကြက်ခြေနီတပ်ဖွဲ့ ဦးစီးမှူး ဒုတိယတန်း ဦးကျော်မြင့်မောင်တို့ ဦးဆောင်ပြီး ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဝင်များ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ ပါဝင်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)



အိန္ဒိယနိုင်ငံ ကက်ရှ်မီးယား ဒေသ၌ ပထမဆုံး ပြေးဆွဲမည့် ရထားတစ်စင်းကို ဘာဂမ်ဘူတာ၌ ဩဂုတ် ၂၃ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ–အင်တာနက်)

## ၂၀၂၀ ပြည့်နှစ်တွင် ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့ ၃၆ရာခိုင်နှုန်းအထိလျှော့ချရန် ဂျာမနီသဘောတူ

**ဘာလင် ဩဂုတ် ၂၅**

ဂျာမနီနိုင်ငံက ၂၀၂၀ ပြည့်နှစ်တွင် ကာဗွန်ဒိုင်အောက်ဆိုက် ဓာတ်ငွေ့ ထုတ်လွှတ်မှုကို ၃၆ ရာခိုင်နှုန်း အထိ လျှော့ချရန် ဂျာမနီစီးပွားရေးနှင့် သဘာဝပတ်ဝန်းကျင် ဝန်ကြီးများက သဘောတူထားကြကြောင်း သဘာဝ ပတ်ဝန်းကျင် ဝန်ကြီးက ဗုဒ္ဓဟူးနေ့တွင် ပြောကြားသည်။

နောက်ထပ် အဆိုပါဓာတ်ငွေ့ လျှော့ချမည့်သတ်မှတ်ချက် မကြာမီထွက်ပေါ်လာမည်ဟု ဆစ်မာဂက်ဘရီယယ်က သတင်းထောက်များသို့ ပြောကြားသည်။

ဂျာမနီနိုင်ငံက အဆိုပါဓာတ်ငွေ့ကို မည်သည့်အတိုင်းအတာအထိ လျှော့ချရမည့်သတ်မှတ်ချက်နှင့် ပတ်သက်၍ သဘောတူညီမှုရရှိရန်ကိစ္စသည် ခက်ခဲလှသည်ဟုဂက်ဘရီယယ်နှင့် စီးပွားရေးဝန်ကြီးမိုက်ကယ်ဂလော့စ်က ပြောကြားသည်။

အခြားနိုင်ငံများက လိုက်နာမည်ဆိုပါက ဥရောပသမဂ္ဂနိုင်ငံများအနေဖြင့် ၂၀၂၀ ပြည့်နှစ်တွင် ၂၀ ရာခိုင်နှုန်းအထိ လျှော့ချရန် ဥရောပသမဂ္ဂမှ ခေါင်းဆောင်များက စောစောပိုင်းတွင် သဘောတူညီခဲ့ကြသည်။ ဂျာမနီနိုင်ငံက ကာဗွန်ဒိုင်အောက်ဆိုက် ဓာတ်ငွေ့ ပမာဏ အများအပြားလျှော့ချမည့် သတ်မှတ်ချက်ကိုဖော်ဆောင်ရန်အဆိုပြုထားပြီး စီးပွားရေးကြီးထွားမှု ထိခိုက်စေမည့် စိုးရိမ်မကင်းမှုများမြင့်မားနေလျက်ရှိသည်။ ***အမ်အင်အေ၊ရိုက်တာ။***

## လေယာဉ်အင်ဂျင်ချို့ယွင်းသဖြင့် အရေးပေါ်ဆင်းသက်

**ဘိုဂိုတာ ဩဂုတ် ၂၅**

ကိုလံဘီယာနိုင်ငံ အနောက်တောင်ပိုင်းရှိ လေဆိပ်တစ်ခု၌ လေယာဉ် အရေးပေါ် ဆင်းသက်မှုပြုလုပ်ရာတွင် လူ ၁၅ ဦး ဒဏ်ရာရရှိကြောင်း ပြည်တွင်းလေကြောင်း အာဏာပိုင်က ဩဂုတ် ၂၂ ရက်တွင် ပြောကြားသည်။

အဆိုပါ မတော်တဆမှုသည် နာရီနိုပြည်နယ် အနောက်တောင်ပိုင်း ချာချာကွီမြို့ အန်တိုနီအိုလေဆိပ်တွင် ဖြစ်ပွားခဲ့သည်။

လေယာဉ်မှူး၊ တွဲဖက်လေယာဉ်မှူးနှင့် ၎င်းတို့ လက်ထောက်တို့သည် ဒဏ်ရာပြင်းထန်သဖြင့် နာရီနိုပြည်နယ် ပါစတိုမြို့ဆေးရုံသို့ အမြန်တင်ပို့လိုက်သည်။

ရုရှားနိုင်ငံလုပ် အေအင်န်–၂၆ အမျိုးအစားလေယာဉ်တွင် ခရီးသည် ၅၃ ဦးနှင့် လေယာဉ်အမှုထမ်း သုံးဦးပါရှိပြီး လေယာဉ်အင်ဂျင်တစ်လုံး စက်ချို့ယွင်းသဖြင့် အရေးပေါ်ဆင်းသက်ခဲ့ရသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***




## အီရန်နှင့် ကုလသမဂ္ဂ နိုင်ငံတကာအဏုမြူစွမ်းအင်အေဂျင်စီ ဗျူကလီးယားအစီအစဉ်နှင့် ပတ်သက်၍ ညှိနှိုင်းဆွေးနွေး

**တီဟီရန် ဩဂုတ် ၂၅**

အီရန်နှင့် ကုလသမဂ္ဂနိုင်ငံတကာ အဏုမြူစွမ်းအင် အေဂျင်စီ(အိုင်အေအီးအေ)တို့က အီရန်နိုင်ငံ၏ အဏုမြူလုပ်ငန်းအပေါ် အနောက်အုပ်စုက စိုးရိမ်မကင်းဖြစ်နေမှု လျော့ပါးစေရန် မည်သို့ ပံ့ပိုးမည်ဆိုသည့်အစီအစဉ်ကို သဘောတူညီထားကြောင်း အင်္ဂါနေ့က ပြောကြားလိုက်သည်။

အီရန်နှင့် အိုင်အေအီးအေတို့က အီရန်၏ ဗျူကလီးယား အစီအစဉ်နှင့် ပတ်သက်သည့် ပြဿနာကို တုံ့ပြန်နိုင်မည့် အချိန်ဇယားတစ်ခုကို ရေးဆွဲနေသည်ဟု တီဟီရန်မြို့တွင် နှစ်ရက်ကြာ ဆွေးနွေးပြီး ပြောကြားသည်။

သို့ရာတွင် အီရန်အနေဖြင့် ကုလသမဂ္ဂ၏ တတိယအကြိမ်မြောက် အရေးယူပိတ်ဆို့မှုကို ရှောင်ရှားလိုပါက ကုလသမဂ္ဂမှ စစ်ဆေးရေးမှူးများနှင့် ပူးပေါင်းလုပ်ဆောင်ရမည်ဖြစ်ပြီး အတိမ်းအစောင်းမခံသည့် ဗျူကလီးယားပြဿနာကို ရပ်ဆိုင်းရမည်ဟု အမေရိကန်က ပြောကြားသည်။ မိမိတို့သည် အစီအစဉ်တစ်ရပ်နှင့် ပတ်သက်၍ သဘောတူညီထားပြီဖြစ်ကြောင်း၊ ယင်းအစီအစဉ် ဖော်ဆောင်ရေးအတွက်အချိန်ဇယားလည်းဆွဲထားပြီးဖြစ်ကြောင်း၊ ညှိနှိုင်းမှုများသည် ကောင်းမွန်ပြီး အပြုသဘောဆောင်ကြောင်း အိုင်အေအီးအေမှ ဒုတိယညွှန်ကြားရေးမှူး ဟိန်းနိုနင်က ပြောကြားသည်။ ***အမ်အင်အေ၊ရိုက်တာ။***

## အီတလီ စစ္စလီကျွန်းတွင် တောမီးလောင်ကျွမ်း၊ သုံးဦးသေဆုံး

**ပါလာမို (စစ္စလီ) ဩဂုတ် ၂၅**

အီတလီနိုင်ငံ စစ္စလီကျွန်းတွင် တောမီးလောင်ကျွမ်းရာ လူသုံးဦးသေဆုံးခဲ့ပြီး အီတလီတောင်ပိုင်းဒေသတွင် မီးတစ်မုဟုတ်ချင်း ကူးစက်လောင်ကျွမ်းမှုတွင် သေဆုံးသည့်ဦးရေသည် ရှစ်ဦးအထိ ရှိပြီဖြစ်ကြောင်း ရိုက်တာသတင်းအရ သိရသည်။

### ပျောက်ဆုံး

ပတ်တီကျေးရွာရှိ ဧည့်ရိပ်သာ မီးလောင်ကျွမ်းသဖြင့် သုံးဦး သေဆုံးပြီး တစ်ဦး ပျောက်ဆုံးနေသည်ဟု စစ္စလီကျွန်းမှ မီးသတ်တပ်ဖွဲ့က ပြောကြားသည်။

### ရွှေ့ပြောင်းထား

မြေထဲပင်လယ်ကျွန်းပေါ်ရှိ နေရာအနှံ့အပြားတွင် အိုးအိမ် အများအပြားနှင့် အပန်းဖြေစခန်းမှ လူများကို စီဖာလူဒေသသို့ ရွှေ့ပြောင်းထားသည်။

ယင်းဒေသတွင် အရေးပေါ်ဌာနများက အင်္ဂါနေ့ညနေမှ စတင်လောင်ကျွမ်းနေသည့် မီးကိုငြှိမ်းသတ်လျက်ရှိသည်။

ကာလာဘရီယာမြို့တွင် ၁၁ ကြိမ်၊ စစ္စလီတွင် ရှစ်ကြိမ်၊ ကင်ပန်နီယာတွင် ခြောက်ကြိမ်နှင့် ဘာဆီလီကာတာတွင် လေးကြိမ်နှင့် လာဇီယိုဒေသတွင် သုံးကြိမ်မီးလောင်ခဲ့သည်ဟု ပြည်သူ့ကာကွယ်ရေး အာဏာပိုင်ဌာနမှ တာဝန်ရှိပုဂ္ဂိုလ်တစ်ဦးက ပြောကြားသည်။ ***အမ်အင်အေ၊ရိုက်တာ။***

## ဘောလီဝုဒ်မင်းသားဆန်ဂျေးဒတ် ထောင်မှ အာမခံဖြင့် ပြန်လွှတ်လာ

**မွမ်ဘိုင်း ဩဂုတ် ၂၅**

အိန္ဒိယနိုင်ငံမှ ဘောလီဝုဒ်ရုပ်ရှင်မင်းသား ဆန်ဂျေးဒတ်သည် အကျဉ်းထောင်မှ ကြာသပတေးနေ့ စောစောပိုင်းတွင် ပြန်လည်လွတ်မြောက်လာပြီဖြစ်ကြောင်း ရိုက်တာသတင်းအရ သိရှိရသည်။ ၎င်းသည် အိန္ဒိယနိုင်ငံတွင် ဖြစ်ပွားခဲ့သည့် ဗုံးဖောက်ခွဲမှုတွင် ပါဝင်နေသည့် လူဆိုးဂိုဏ်းများမှ သေနတ်များ ရယူပိုင်ဆိုင်မှုဖြင့် ထောင်ဒဏ်ခြောက်နှစ် အပြစ် ပေးခံရသူဖြစ်သည်။ ၎င်းသည် အကျဉ်းထောင်တွင် ၂၄ ရက်ကြာနေခဲ့ရပြီးနောက် အာမခံဖြင့် ပြန်လွှတ်ပေးခြင်းဖြစ်သည်။

### နေအိမ်သို့ပြန်သွား

အသက် ၄၈ နှစ်ရှိပြီဖြစ်သည့် ဆန်ဂျေးဒတ်သည် ပူနေးမြို့ရှိ အကျဉ်းထောင်မှ လွတ်လာပြီးနောက် လေယာဉ်ဖြင့် ၎င်း၏ အိမ်ရှိရာ မွမ်ဘိုင်းမြို့သို့ ပြန်သွားသည်။ ***အမ်အင်အေ၊ ရိုက်တာ။***



ပေါ်တူဂီနိုင်ငံ လစ္စဘွန်းမြို့မြောက်ဘက် စင်ထရာအမျိုးသားဥယျာဉ်တွင် တောမီးလောင်မှုကို ငြှိမ်းသတ်နေသူများအား ဩဂုတ် ၂၃ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ–အင်တာနက်)

## ဂရိတွင် တောမီးလောင်မှုကြောင့် ၄၆ဦးထက်မနည်းသေဆုံး

**အေသင် ဩဂုတ် ၂၆**

ဂရိနိုင်ငံတွင် ဆယ်စုနှစ်အတန်ကြာကာလအတွင်း အဆိုးရွားဆုံးသော တောမီးလောင်ကျွမ်းမှုဖြစ်ပွားခဲ့ရာ ၄၆ဦးထက်မနည်း သေဆုံးကြောင်း၊ သေဆုံးသူများတွင် ပြင်သစ်ကမ္ဘာလှည့်ခရီးသည်နှစ်ဦးပါဝင်ကြောင်း၊ တောမီးငြှိမ်းသတ်ရေးအတွက် ဥရောပနိုင်ငံများအား အကူအညီတောင်းခံထားကြောင်း တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ဂရိကျွန်းဆွယ် အနောက်ဘက်ကမ်းရိုးတန်း ဇာခါရိုမြို့အနီးတွင် တောမီးလောင်ကျွမ်းမှုကြောင့် အလောင်း ၁၀လောင်းကို တွေ့ရှိရကြောင်း မီးသတ်ဌာန တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

အေသင်မြို့ အနောက်တောင်ဘက် မိုင် ၁၂၀ ခန့်အကွာ အာရိုပိုလစ်မြို့အနီးတွင် တောမီးလောင်ကျွမ်းခဲ့ရာ၌ ကမ်းရိုးတန်းတစ်လျှောက် မီးကူးစက်ပျံ့နှံ့ခဲ့သည်။ ***အမ်အင်အေ၊ရိုက်တာ။***

နော်ဝေနိုင်ငံ နီအယ်လီဆွန်းမြို့ရှိ အာတိတ်သုတေသနစခန်းကို ဩဂုတ် ၂၅ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ–အင်တာနက်)



## ထိုင်းအပန်းဖြေစခန်းအနီး ကူးတို့သင်္ဘော တိမ်းမှောက်

**ဗန်ကောက် ဩဂုတ် ၂၅**

ထိုင်းနိုင်ငံ၏နာမည်ကျော် ဖီဖီကျွန်း အပန်းဖြေစခန်းအနီးတွင် ၄၂ဦး လိုက်ပါလာသောကူးတို့သင်္ဘောတစ်စင်း ဩဂုတ်၂၂ရက်က တိမ်းမှောက်ခဲ့သော်လည်း ခရီးသည်အားလုံးကို ဘေးမသီ ရန်မခဘဲ ကယ်တင်နိုင်ခဲ့ကြောင်း ဒေသခံသတင်းများက ဖော်ပြသည်။ နိုင်ငံတောင်ပိုင်း ကရာဘီပြည်နယ် ဖီဖီကျွန်းအနီး လေပြင်းထန်သဖြင့် လှိုင်းလေကြီးစဉ် သင်္ဘောနစ်မြုပ်ခဲ့ရခြင်းဖြစ်သည်။ သို့သော် သင်္ဘောပေါ်တွင် လိုက်ပါလာသူရေယာဉ်အဖွဲ့သားလေးဦးနှင့် ခရီးသည် ၃၈ဦးကို ကယ်တင်နိုင်ခဲ့ကြောင်းနေးရှင်းသတင်းစာက ရေးသားသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***





**ပုံနှိပ်သူများ၊ ထုတ်ဝေသူများ၊ မှတ်ပုံတင်နှင့် စာပေစိစစ်ဖြန့်ချိရေး လုပ်ငန်းများ ကြီးကြပ်မှုဗဟိုအဖွဲ့ဥက္ကဋ္ဌ၊ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း မြန်မာနိုင်ငံ ပုံနှိပ်နှင့်ထုတ်ဝေသူလုပ်ငန်းရှင်များအသင်းမှ ဥက္ကဋ္ဌနှင့်အမှုဆောင်များအား အမှာစကားပြောကြားစဉ်။**

(သတင်းစဉ်)

# ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း မြန်မာနိုင်ငံ ပုံနှိပ်နှင့်ထုတ်ဝေသူလုပ်ငန်းရှင်များအသင်းမှ ဥက္ကဋ္ဌနှင့်အမှုဆောင်များအား တွေ့ဆုံမှာကြား

ရန်ကုန် ဩဂုတ် ၂၆

**ပုံနှိပ်သူများ၊ ထုတ်ဝေသူများ၊ မှတ်ပုံတင်နှင့်စာပေစိစစ်ဖြန့်ချိရေးလုပ်ငန်းများ ကြီးကြပ်မှု ဗဟိုအဖွဲ့ဥက္ကဋ္ဌ၊ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် ယနေ့ နံနက် ၉နာရီတွင် ရန်ကုန်မြို့ ပြည်လမ်းရှိ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားအစည်းအဝေးခန်းမ၌ မြန်မာနိုင်ငံ ပုံနှိပ်နှင့်ထုတ်ဝေသူ လုပ်ငန်းရှင်များအသင်း (Myanmar Printers and Publishers Association, MPPA) မှ ဥက္ကဋ္ဌနှင့် အမှုဆောင်များအားတွေ့ဆုံ၍ စာပေလောက ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပုံနှိပ်လောက ဖွံ့ဖြိုးတိုးတက်ရေးတို့ကို ဆွေးနွေးမှာကြားသည်။**

တွေ့ဆုံပွဲသို့ ပုံနှိပ်သူများ၊ ထုတ်ဝေသူများ၊ မှတ်ပုံတင်နှင့် စာပေစိစစ်ဖြန့်ချိရေး လုပ်ငန်းများကြီးကြပ်မှု ဗဟိုအဖွဲ့ အတွင်းရေးမှူးနှင့်အဖွဲ့ဝင်များ၊ ပြန်ကြားရေးဝန်ကြီးဌာနမှ ဌာန ဆိုင်ရာအကြီးအကဲများနှင့် အကြံပေးပုဂ္ဂိုလ်များ၊ မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံပုံနှိပ်နှင့် ထုတ်ဝေသူလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌနှင့် အလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ ဖိတ်ကြားထားသူများနှင့် အသင်းဝင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ ပုံနှိပ်သူများ၊ ထုတ်ဝေသူများ၊ မှတ်ပုံတင်နှင့်စာပေစိစစ်ဖြန့်ချိရေး လုပ်ငန်းများကြီးကြပ်မှု ဗဟိုအဖွဲ့ ဥက္ကဋ္ဌ၊ ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက အမှာစကား ပြောကြားရာတွင် မြန်မာနိုင်ငံပုံနှိပ်နှင့် ထုတ်ဝေသူ လုပ်ငန်းရှင်များအသင်းကို ၁၉၉၀ပြည့်နှစ် ဒီဇင်ဘာ ၁၇ရက်တွင် မြန်မာနိုင်ငံ ကုန်သည်များအက်ဥပဒေအရ ဖွဲ့စည်းပေးခဲ့ကြောင်း၊ ယခုဆိုလျှင် သက်တမ်းအားဖြင့် (၁၆)နှစ်ကျော်ရှိပြီဖြစ်ကြောင်း၊ လုပ်ငန်းတစ်ခုကို တစ်ဦးတည်း တစ်ယောက်တည်း ဆောင်ရွက်သည်ထက် အသင်းအဖွဲ့အလိုက် စုစုစည်းစည်း ညီညီညွတ်ညွတ် ဆောင်ရွက်ခြင်းက ခွန်အားဖြစ်စေသကဲ့သို့ အောင်မြင်မှုလည်း ရရှိစေကြောင်း၊ မြန်မာနိုင်ငံပုံနှိပ်နှင့်ထုတ်ဝေသူလုပ်ငန်းရှင်များအသင်းသည် လူမှုရေးလုပ်ငန်း၊ နိုင်ငံတော်နှင့် ပြည်သူ့အကျိုးပြုလုပ်ငန်းများတွင် တက်ကြွစွာဆောင်ရွက်နေသည်ကို တွေ့ရှိရသဖြင့် ဝမ်းမြောက် ဂုဏ်ယူပါကြောင်း၊ စာပေလောကသားများသည် မိမိတို့ဝါသနာပါရာစာပေဖြင့် အသက်မွေးဝမ်းကျောင်းပြုနေခြင်းဖြစ်သကဲ့သို့ တစ်ဖက်ကလည်း တိုင်းပြည်၏ တာဝန်ကို စာပေကဏ္ဍဖြင့် တစ်ထောင့်တစ်နေရာမှ ထမ်းဆောင်နေခြင်းဖြစ်ပါကြောင်း၊ ယနေ့တွေ့ဆုံရသည်မှာ ရည်ရွယ်ချက်နှစ်ချက်ရှိကြောင်း၊ ပထမတစ်ချက်မှာ မြန်မာနိုင်ငံ ပုံနှိပ်နှင့်ထုတ်ဝေသူ လုပ်ငန်းရှင်များအသင်း၏ အခြေအနေကိုသိရှိပြီး ကူညီပံ့ပိုးသင့်သည်များကို ကူညီပံ့ပိုးသွားရန်၊ ဒုတိယတစ်ချက်မှာ ပုံနှိပ်နှင့်ထုတ်ဝေသူလုပ်ငန်းရှင်များ လောက ဖွံ့ဖြိုးတိုးတက်ရေးအတွက် အကြံပြု၊ ညှိနှိုင်း၊ တိုင်ပင်ဆွေးနွေးသွားကြရန်ဖြစ်ကြောင်းဖြင့် ပြောကြားသွားသည်။

ထို့နောက် မြန်မာနိုင်ငံ ပုံနှိပ်နှင့်ထုတ်ဝေသူ လုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ ဦးမောင်မောင်က အသင်းလုပ်ငန်းများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ မြန်မာနိုင်ငံ ပုံနှိပ်နှင့်ထုတ်ဝေသူ လုပ်ငန်းရှင်များအသင်း အတွင်းရေးမှူးဦးတင့်ဆွေက အသင်း၏ တစ်နှစ်တာကာလအတွင်း ဆောင်ရွက်ခဲ့မှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် တက်ရောက်လာကြသော အမှုဆောင်များက အထွေထွေကိစ္စရပ်များကို ဆွေးနွေးတင်ပြကြရာ ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက ဖြည့်စွက်ညှိနှိုင်းဆွေးနွေးပြီး နိဂုံးချုပ်အမှာစကားပြောကြားကာတွေ့ဆုံပွဲကို ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

**ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ၊ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း ကျောက်တံတားမြို့နယ် မဟာဗန္ဓုလလမ်းတစ်လျှောက် ရေစီးရေလာကောင်းမွန်စေရန် အင်ဂျင်နီယာဌာန (လမ်းနှင့်တံတား)မှ ရေနုတ်မြောင်းများရှိ အမှိုက်သရိုက်နှင့် နုန်းများကို ဆယ်ယူဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။** (၁၉)





# မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း ရန်ကုန်မြို့ သန့်ရှင်းသာယာလှပရေးလုပ်ငန်းများ စစ်ဆေး

ရန်ကုန် ဩဂုတ် ၂၆

**ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ၊ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းသည် ကော်မတီဝင် ဦးကျော်စိုးနှင့် ဦးညီညီ၊ ဌာနမှူးများလိုက်ပါ၍ ယမန်နေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ သန့်ရှင်းသာယာလှပရေးနှင့် ရေစီးရေလာကောင်းမွန်စေရေးတို့အတွက် ဆောင်ရွက်နေမှုလုပ်ငန်းများနှင့် ယာဉ်အန္တရာယ် ကင်းရှင်းစေရေးအတွက် ဆောင်ရွက်ထားရှိမှုလုပ်ငန်းအခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။**

ယင်းသို့ ကြည့်ရှုစစ်ဆေးရာတွင် ရှေးဦးစွာ မြို့တော်ဝန်သည် ကျောက်တံတားမြို့နယ် မဟာဗန္ဓုလလမ်းနှင့် ဗိုလ်အောင်ကျော်လမ်းဆုံသို့ ရောက်ရှိပြီး မဟာဗန္ဓုလလမ်းတစ်လျှောက် လမ်းဘေးမြေအောက်ရေနုတ်မြောင်း ရေစီးရေလာ ကောင်းမွန်စေရန် အမှိုက်သရိုက်နှင့်နုန်းများ ဆယ်ယူရှင်းလင်းနေမှုနှင့် မိုးရာသီ လမ်းပေါ်ရေတင်မှု မရှိစေရေးအတွက် လမ်းရေဆင်းနှာပေါက်နှင့် ကပ်တုံးများ ဘေးရှိ ခဲ၊ သဲ၊ အမှိုက်သရိုက်များ သိမ်းဆည်း ဆောင်ရွက်နေမှုတို့ကို လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားသည်။

ဆက်လက်၍ မြို့တော်ဝန်သည် ဗိုလ်တထောင်မြို့နယ်ရှိ ကုန်သေတ္တာပစ္စည်း သိုလှောင်ရုံရှေ့ ကမ်းနားလမ်းသို့ သွားရောက်ပြီး ကမ်းနားလမ်းဘေး ရေနုတ်မြောင်းနှင့် စန္ဒကူးလမ်းမြစ်ထွက်ပေါက် ရေနုတ်မြောင်း ရေစီးရေလာ ကောင်းမွန်စေရေးတို့အတွက် အမှိုက်သရိုက်နှင့် နုန်းများဆယ်ယူရှင်းလင်းနေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။ ထို့နောက် မြို့တော်ဝန်သည် မရမ်းကုန်းမြို့နယ် ပြည်လမ်းနှင့် ပါရမီလမ်းဆုံသို့ ရောက်ရှိပြီး ယာဉ်အန္တရာယ် ကင်းရှင်းစေရေးနှင့် ယာဉ်ကြောပိတ်ဆို့မှု မဖြစ်စေရေးတို့အတွက် နေရောင်ခြည်စွမ်းအင်(ဆိုလာ)စနစ်သုံး အချက်ပြမီးပွိုင့် တပ်ဆင်ထားရှိမှုကို ကြည့်ရှုစစ်ဆေးပြီး ခုနစ်မိုင်ခွဲရှိ တေးနယ်ဉ်လမ်းအနီး ပြည်လမ်း ဝဲ/ယာ ရေနုတ်မြောင်းများ ရေစီးရေလာ ကောင်းမွန်စေရန် အမှိုက်သရိုက်၊ ခဲ၊ သဲများ ဆယ်ယူရှင်းလင်းနေမှုတို့ကိုသွားရောက်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များကို မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ (၁၉)

## မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

**၂၇-၈-၂၀၀၇ (တနင်္လာနေ့)**

**၁၃၆၉ခုနှစ်၊ဝါခေါင်လဆန်း ၁၄ရက် (အဖိတ်နေ့)**

**နံနက်ပိုင်း**

- ၇:၀၀ ၁။ **ကျေးဇူးရှင် မင်းကွန်းဆရာတော်ကြီး နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ်၊ အဘိဓဇ မဟာရဋ္ဌဂုရု၊ အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မ ဇောတိက၊ တိပိဋကဓရ၊ ဓမ္မဘဏ္ဍာဂါရိက၊ ဆရာတော် ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်**
- ၇:၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
- ၇:၃၀ ၃။ နံနက်ခင်းသတင်း
- ၇:၄၀ ၄။ မဟာဝံသမြတ်ဗုဒ္ဓ(ဒုတိယပိုင်း) “မြတ်ဘုရားရှင်၏ဝါဆိုစဉ်” ဣန္ဒြာဆွေစီစဉ်ရေးဖွဲ့ပူဇော်သည်
- ၈:၀၅ ၅။ သံသာချိုအေးမင်္ဂလာတေး
- ၈:၂၀ ၆။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာတေးသံသာ
- ၈:၃၀ ၇။ International News.
- ၈:၄၅ ၈။ Grammar Made Easy.
- ၉:၀၀ ၉။ အစီအစဉ်ပြီး၏။

**ညပိုင်း**

- ၄:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၄:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
- ၄:၃၀ ၃။ ရန်ကုန်တိုင်း၊အမှတ်(၃)အခြေခံပညာဦးစီးဌာန၊ပဥ္စမအကြိမ်၊ဓမ္မစကြာဝတ်ရွတ်ပူဇော်ပွဲ(ဒုတိယဆု)(အထက(၁)သန်လျင်)(အမျိုးသမီးဝတ်ရွတ်အဖွဲ့)
- ၅:၀၀ ၄။ အဝေးသင်တက္ကသိုလ်ပညာရေးရုပ်မြင်သံကြားသင်ခန်းစာ ဒုတိယနှစ်(ဒဿနိကဗေဒအထူးပြု)(ဒဿနိကဗေဒ)
- ၅:၁၅ ၅။ အကပဒေသာ
- ၅:၂၅ ၆။ တေးဂီတအစီအစဉ်(မြန်မာ့အသံခေတ်ပေါ်တေးဂီတအဖွဲ့ဖျော်ဖြေခန်း)
- ၅:၃၅ ၇။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအဆိုအကများ
- ၅:၄၅ ၈။ စန္ဒကူးနံ့သာကျောင်းတော်ရာစေတီ
- ၆:၀၀ ၉။ ညနေခင်းသတင်း
- ၆:၃၀ ၁၀။ မိုးလေဝသအခြေအနေ
- ၆:၃၅ ၁၁။ အလှရှာမယ်လှကမ္ဘာဝယ်
- ၇:၀၀ ၁၂။ ၂၀၀၇ခုနှစ်(၁၅)ကြိမ်မြောက်မြန်မာ့ရိုးရာယဉ်ကျေးမှုအဆို၊အက၊အရေး၊အတီးပြိုင်ပွဲဝင်များ လေ့လာနိုင်ကြရန်(ကာလပေါ်တေးနှင့်ခေတ်ဟောင်းတေး)(ဝါသနာရှင်)(ပထမတန်းအဆင့်)အမျိုးသား
- ၇:၀၅ ၁၃။ “ချစ်လွန်းလို့(ဖိုးဖြူ၊ခင်စိုးပိုင်၊မျိုးမျိုးခိုင်)(ဒါရိုက်တာ-ကြည်စိုး)
- ၇:၁၀ ၁၄။ နိုင်ငံခြားဇာတ်လမ်းတွဲ “ချစ်သောရွှေနေခြည်” (အပိုင်း-၆)
- ၈:၀၀ ၁၅။ ပြည်တွင်းသတင်း
- ၁၆။ နိုင်ငံတကာသတင်းများ
- ၁၇။ မိုးလေဝသအခြေအနေ
- ၁၈။ နိုင်ငံခြားဇာတ်လမ်းတွဲ “ရေသူမလေးဒုတိယချစ်ပုံပြင်” (အပိုင်း-၃၉) (ဇာတ်သိမ်း)
- ၁၉။ နောက်တစ်နေ့အစီအစဉ်
- ၂၀။ အစီအစဉ်ပြီး၏။

## မှတ်သားဖွယ်ရာ မိုးရေချိန်များ

**(၂၆-၈-၂၀၀၇)**

**နေပြည်တော်**
၀ ဒသမ ၄၇ လက်မ

**ဗန်းမော်**
၉ ဒသမ ၀၂ လက်မ

**မောင်တော**
၅ ဒသမ ၇၁ လက်မ

**ကျောက်ဖြူ**
၂ ဒသမ ၉၁ လက်မ






ကာကွယ်ရေး ဝန်ကြီးဌာနမှ ဒုတိယ ဗိုလ်ချုပ်ကြီး မြင့်ဆွေ ရန်ကုန်မြို့ ဗဟန်းမြို့နယ် ဦးဝိစာရလမ်းရှိ အမျိုးသား ကြီးပွားတိုးတက်ရေး အများပိုင် ကုမ္ပဏီ လီမိတက်ရုံးသစ် ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးစဉ်။ (သတင်းစဉ်)

# ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ အမျိုးသားကြီးပွားတိုးတက်ရေး အများပိုင်ကုမ္ပဏီလီမိတက် ရုံးသစ်ဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက် ချီးမြှင့်

ရန်ကုန် ဩဂုတ် ၂၆

**ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် ယနေ့နံနက် ၈ နာရီတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် ဦးဝိစာရလမ်း အမှတ်(၂၂၄)ရှိ အမျိုးသားကြီးပွားတိုးတက်ရေး အများပိုင် ကုမ္ပဏီလီမိတက် (National Prosperity Public Company Limited) ရုံးသစ်ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ချီးမြှင့်ပြီး ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။**

## တက်ရောက်

အခမ်းအနားသို့ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှဋ္ဌေးဝင်း၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် မောင်မောင်သိမ်း၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ် အောင်သိန်းလင်း၊ အမျိုးသားကြီးပွားတိုးတက်ရေး အများပိုင် ကုမ္ပဏီ လီမိတက် ဥက္ကဋ္ဌနှင့် ဒါရိုက်တာအဖွဲ့ဝင်များ၊ ဖိတ်ကြားထားသူများနှင့် ဝန်ထမ်းများ တက်ရောက်ကြသည်။

ရှေးဦးစွာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှဋ္ဌေးဝင်း၊ မွေးမြူရေးနှင့် ရေလုပ်ငန်း ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်း၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ် အောင်သိန်းလင်းနှင့် အမျိုးသားကြီးပွားတိုးတက်ရေး အများပိုင် ကုမ္ပဏီလီမိတက်ဥက္ကဋ္ဌ ဦးစိုးထွန်းရှိန်တို့က အမျိုးသားကြီးပွားတိုးတက်ရေး အများပိုင် ကုမ္ပဏီလီမိတက်ရုံးသစ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

## ပက်ဖျန်းပေး

ယင်းနောက် ကာကွယ်ရေး ဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက အမျိုးသားကြီးပွားတိုးတက်ရေး အများပိုင် ကုမ္ပဏီလီမိတက် ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

ဆက်လက်၍ ကာကွယ်ရေး ဝန်ကြီးဌာနမှ ဒုတိယ ဗိုလ်ချုပ်ကြီး မြင့်ဆွေ၊ တိုင်းမှူး၊ ဝန်ကြီးနှင့် မြို့တော်ဝန်တို့က ကမ္ပည်းမော်ကွန်းအား နံ့သာရည်များဖြင့် ပက်ဖျန်းပေးကြသည်။

## ကြည့်ရှုစစ်ဆေး

ထို့နောက် အဆောက်အအုံအတွင်း၌ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များအား ဥက္ကဋ္ဌ ဦးစိုးထွန်းရှိန်က ကုမ္ပဏီ၏ လုပ်ငန်းဆောင်ရွက်မှုများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး ရုံးသစ်အဆောက်အအုံကို လှည့်လည်ကြည့်ရှုစစ်ဆေးကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)





မွေးမြူရေးနှင့် ရေလုပ်ငန်း ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် မောင်မောင်သိမ်း သား၊ ငါး ကဏ္ဍဆိုင်ရာ ညှိနှိုင်းဆွေးနွေးပွဲတွင် အမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)

# သား၊ ငါးကဏ္ဍဆိုင်ရာ ညှိနှိုင်းဆွေးနွေးပွဲ ကျင်းပ ဝန်ကြီး ဗိုလ်မှူးချုပ် မောင်မောင်သိမ်း တက်ရောက် ဆွေးနွေးမှာကြား

ရန်ကုန် ဩဂုတ် ၂၆

**မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန သား၊ငါးကဏ္ဍဆိုင်ရာ ညှိနှိုင်းဆွေးနွေးပွဲ ကို ဩဂုတ် ၂၅ရက် မွန်းလွဲပိုင်းတွင် ရန်ကုန်တိုင်း အင်းစိန်မြို့နယ် ဘုရင့်နောင်လမ်းရှိ မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်ရုံး သီရိအဏ္ဏဝါခန်းမဆောင်၌ ကျင်းပရာ မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်နာယက မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် မောင်မောင်သိမ်း တက်ရောက်၍ သား၊ ငါးကဏ္ဍဆိုင်ရာ ဘက်စုံတိုးမြှင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး ဆွေးနွေးမှာကြားသည်။**

## တက်ရောက်

ထို့နောက် မြန်မာနိုင်ငံ ငါးလုပ်ငန်း အဖွဲ့ချုပ်၊ မြန်မာနိုင်ငံ မွေးမြူရေး လုပ်ငန်းအဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံ ငါးမွေးမြူရေးလုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံ ပုစွန်လုပ်ငန်းရှင်များ အသင်း၊ မြန်မာနိုင်ငံ ရေထွက်ပစ္စည်း ထုတ်လုပ်သူများနှင့် ပို့ကုန်လုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံ ငါး၊ ပုစွန် အစာထုတ်လုပ် ရောင်းဝယ်သူများ အသင်း၊ ပင်လယ်ငါးဖမ်းလုပ်ငန်းရှင်များအသင်း၊ ရေချိုငါးဖမ်းလုပ်ငန်းရှင်များအသင်း၊ ရန်ကုန်တိုင်း ငါးလုပ်ငန်း အဖွဲ့ချုပ်နှင့် ငါးရှဉ့်၊ ကဏန်း၊ အလှမွေး ငါးလုပ်ငန်းရှင်များအသင်းတို့မှ ဥက္ကဋ္ဌများ၊ အလုပ်အမှုဆောင်များနှင့် အသင်းဝင်များ ကဏ္ဍအလိုက် မွေးမြူထုတ်လုပ်တင်ပို့မှုများနှင့် တိုးမြှင့် အကောင်အထည်ဖော် ဆောင်ရွက်သွားမည့် လုပ်ငန်းဆိုင်ရာ အခြေအနေများကို အသေးစိတ် ဆွေးနွေးတင်ပြကြသည်။

## ညှိနှိုင်းပေါင်းစပ်

ဆွေးနွေးတင်ပြချက်များအပေါ် ဝန်ကြီးက ညှိနှိုင်း ပေါင်းစပ် ဆောင်ရွက်ပေးပြီး နိဂုံးချုပ်အမှာစကား ပြောကြားကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

# ပုပ္ပား(၂) မိုးကုတ်ရိပ်သာ (၁၀)ရက် တရားစခန်းပွဲ

**ရန်ကုန် ဩဂုတ် ၂၆**

မြောက်ဥက္ကလာပမြို့နယ် (ည)ရပ်ကွက် ပုပ္ပား(၂) မိုးကုတ်ဝိပဿနာ ဓမ္မရိပ်သာ၌ လစဉ် တရားစခန်းပွဲ ဖွင့်လှစ်လျက်ရှိရာ (၁၅၄)ကြိမ်မြောက် တရားစခန်းပွဲကို ၁၃၆၉ခုနှစ်၊ ဝါခေါင် လပြည့်ကျော် ၃ ရက်၊ ဩဂုတ်လ ၃၁ရက် (သောကြာနေ့)ညနေအရောက် ယောဂီများလာရမည်ဖြစ်သည်။

တရားစခန်းပွဲကို ကျေးဇူးတော်ရှင် မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယ အတိုင်း ပုပ္ပား(၂) မိုးကုတ် ရိပ်သာ ဆရာတော်ဘဒ္ဒန္တ သောဘန(ဓမ္မာစရိယ LL.B)၊ ပန်းချီဆရာကြီး ဦးလွန်းကြွယ်နှင့် ပုပ္ပား(၃)မိုးကုတ်ရိပ်သာ ဆရာတော် ဘဒ္ဒန္တ ဇာဂရ (ဓမ္မာစရိယ၊ မဟာဓမ္မာစရိယ) တို့က ခန္ဓာဉာဏ်ရောက် သစ္စာဆိုက်အောင် ဟောကြားကြမည်ဖြစ်ပါ၍ ယောဂီများ လူကိုယ်တိုင်ဖြစ်စေ၊ ဖုန်း-၆၉၀၀၅၉သို့ ဖြစ်စေ ဆက်သွယ်စာရင်း ပေးနိုင်ကြောင်း သိရသည်။ (က-ပ)

# အပြည်ပြည်ဆိုင်ရာ အဘိဓမ္မာ မဟာသိပ္ပံရုံးချုပ်ဖွင့်ပွဲ ကျင်းပ

**ရန်ကုန် ဩဂုတ် ၂၆**

အပြည်ပြည်ဆိုင်ရာ အဘိဓမ္မာ မဟာသိပ္ပံရုံးချုပ်ဖွင့်ပွဲ အခမ်းအနားကို ယမန်နေ့ မွန်းလွဲ ၁ နာရီတွင် ဒဂုံမြို့သစ်(မြောက်ပိုင်း)အမှတ်(၁၀) ပါရမီလမ်းနှင့် ပင်လုံလမ်းထောင့်ရှိ သီတဂူ အပြည်ပြည်ဆိုင်ရာ ဗုဒ္ဓသာသနာပြုဗိမာန်တော်၌ ကျင်းပရာ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ မကွေး ဆရာတော် အဂ္ဂမဟာ သဒ္ဓမ္မဇောတိက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တကုမာရနှင့် သီတဂူ ကမ္ဘာ့ဗုဒ္ဓတက္ကသိုလ် အဓိပတိဆရာတော် ဒေါက်တာအရှင်ဉာဏိဿရ (Ph.D.,D.Litt)၊ ဗုဒ္ဓတက္ကသိုလ်ပါမောက္ခချုပ်နှင့် အဘိဓမ္မာ မဟာသိပ္ပံ ပါမောက္ခချုပ်နှင့် အဘိဓမ္မာ မဟာသိပ္ပံ၏ ပါမောက္ခချုပ် ဆရာတော် ဒေါက်တာ အရှင်နန္ဒမာလာဘိဝံသ၊ သာသနာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သူရအောင်ကိုနှင့် သာသနာရေး ဦးစီးဌာနမှ တာဝန်ရှိသူများ၊ အဘိဓမ္မာမဟာသိပ္ပံ ဒုတိယ ပါမောက္ခချုပ်၊ အဘိဓမ္မာ မဟာသိပ္ပံ စီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌ အငြိမ်းစား သံအမတ်ကြီး ဦးမြသန်း၊ မြန်မာနိုင်ငံဆိုင်ရာ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများနှင့် ဇနီးများ၊ အမာခံ အလှူရှင်များ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များ၊ တပည့်ဒါယကာ၊ ဒါယိကာမများ တက်ရောက်ကြသည်။

အစီအစဉ်အရ အခမ်းအနားကို နမောတဿသုံးကြိမ်ရွတ်ဆိုဘုရားကန်တော့ပြီး နိုင်ငံတော် သံဃမဟာ နာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော်က သမ္ဘောဒနီယ အနုဗလပ္ပဒါနကထာကို ချီးမြှင့်တော်မူပြီး သီတဂူ ကမ္ဘာ့ဗုဒ္ဓတက္ကသိုလ် အဓိပတိ ဆရာတော် ဒေါက်တာအရှင်ဉာဏိဿရက အဖွင့်ဩဝါဒကထာကို အင်္ဂလိပ်ဘာသာဖြင့် ချီးမြှင့်တော်မူသည်။

ဆက်လက်၍ အဘိဓမ္မာမဟာသိပ္ပံ ပါမောက္ခချုပ် ဆရာတော် ဒေါက်တာ အရှင်နန္ဒမာလာဘိဝံသက ဩဝါဒကထာကို အင်္ဂလိပ်ဘာသာဖြင့် မြွက်ကြားပြီး သာသနာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သူရအောင်ကိုက မြန်မာနိုင်ငံ၌ အဘိဓမ္မာမဟာသိပ္ပံ ဖွင့်လှစ်နိုင်ခြင်းနှင့်စပ်လျဉ်း၍ ဝမ်းမြောက်နှမော် သာဓုခေါ်ဆိုကြောင်း အင်္ဂလိပ်ဘာသာဖြင့် လျှောက်ထားသည်။

ယင်းနောက် အဘိဓမ္မာမဟာသိပ္ပံ ဒုတိယပါမောက္ခချုပ်နှင့် စီမံခန့်ခွဲရေး ကော်မတီဥက္ကဋ္ဌ အငြိမ်းစား သံအမတ်ကြီး ဦးမြသန်းက အဘိဓမ္မာမဟာသိပ္ပံ ဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်နှင့် ရှေ့ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းများကို အင်္ဂလိပ်ဘာသာဖြင့် အသေးစိတ် လျှောက်ထားတင်ပြသည်။

ဆက်လက်၍ အလှူရှင်များက အဘိဓမ္မာမဟာသိပ္ပံတည်ထောင်ဖွင့်လှစ်နိုင်ရေးအတွက် အလှူငွေများကို လှူဒါန်းကြရာ ဦးရှိန်ဝင်းနှင့်ဇနီး ဒေါ်ခင်ချိုဦး (တက်လမ်းဆောက်လုပ်ရေး) မိသားစုက ငွေကျပ် ၁၀၀၀၀၀၀၀၊ သီရိသုဓမ္မသီဂီ ဒေါ်ခင်နွဲ့ရီ၊ သား ဒေါက်တာတင်စိုးလင်း၊ သမီးပွင့်မာခိုင် ညီအစ်ကိုမောင်နှမ တစ်စုကငွေကျပ် ၁၀၀၀၀၀၀၀၊ ဦးကျော်ကျော်ဝင်းနှင့် ဒေါ်ခင်သိန်း မိသားစုက ငွေကျပ်၁၀၀၀၀၀၀၊ ဦးလှမောင်ရွှေနှင့် ဒေါ်တင်တင်ဦးတို့က ငွေကျပ်၁၀၀၀၀၀၀၊ ရှိုင်းဟုတ်ကုမ္ပဏီမှ ငွေကျပ်၁၀၀၀၀၀၀၊ ဦးစိုးမြင့်နှင့် ဒေါ်နန္ဒာဝင်း (Soe & Association)က ငွေကျပ်၅၀၀၀၀၀၊ ဦးကျော်ဇင်နှင့် ဒေါက်တာနှင်းနှင်းပွင့် စင်ကာပူက ငွေကျပ် ၅၀၀၀၀၀ နှင့် အခြားအလှူရှင်များက စုစုပေါင်း ငွေကျပ် ၂၅၀၀၀၀၀၀၊ အမှုဆောင် ဒေါ်ခင်ခင်အေး မိသားစုက FEC ၃၀၀ တို့ကို လှူဒါန်းရာ ဒုတိယဝန်ကြီးနှင့် စီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌတို့က လက်ခံကြသည်။ အစီအစဉ်အရ စီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌက ဆရာတော်ကြီးသုံးပါးအား အဘိဓမ္မာ မဟာသိပ္ပံ၏ဩဝါဒါစရိယ ဆရာတော်ကြီးများအဖြစ် ဂုဏ်ပြုလွှာများ ဆက်ကပ်အပ်နှင်းသည်။

ယင်းနောက် သီတဂူ ဆရာတော် ကြီးနှင့် စီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌတို့က အခမ်းအနားသို့ တက်ရောက်လာကြသည့် သံအမတ်ကြီးများနှင့် ဇနီးများအား ဓမ္မလက်ဆောင်များ ပေးအပ်ပြီး အခမ်းအနားကို ဗုဒ္ဓသာသနံစိရံတိဋ္ဌတု သုံးကြိမ် ရွတ်ဆိုဆုတောင်း၍ ရုပ်သိမ်းလိုက်ကြောင်းသတင်းရရှိသည်။(သတင်းစဉ်)





**ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့် ဧည့်ပရိသတ်များ ရန်ကုန်အရှေ့ပိုင်းခရိုင် တောင်ဥက္ကလာပမြို့နယ်အတွင်းရှိ ဘုန်းတော်ကြီး စာသင်တိုက် ၁၉တိုက်သို့ တပ်မတော် (ကြည်း ၊ရေ၊ လေ)မိသားစုများနှင့် စေတနာရှင်ပြည်သူများ၏ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ဆေး၊ ပဲနှင့် ဆွမ်းပဒေသာပင် အလှူငွေများ ပေးအပ်လှူဒါန်းပွဲတွင် ဆရာတော်ထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြစဉ်။** (သတင်းစဉ်)

### ➪ ကျောဖုံးမှ

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက ငွေကြာယံပရိယတ္တိစာသင်တိုက် နာယကအဖွဲ့ဝင် စာချဆရာတော် ဓမ္မာစရိယ ဒီဃဘာဏက ဘဒ္ဒန္တဓမ္မဒိန္နထံ သင်္ကန်းအစရှိသော လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းသည်။

ဆက်လက်၍ တိုင်းမှူး ဗိုလ်ချုပ်လှဌေးဝင်း၊ ဒုတိယမြို့တော်ဝန်နှင့် တပ်မတော်အရာရှိကြီးများက ဆရာတော် သံဃာတော်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများက လှူဒါန်းသော ဆွမ်းဆန်တော်၊ ဆီနှင့်ပဲတို့ကို တပ်မတော်(ကြည်း၊ရေ၊လေ)မိသားစုများ ကိုယ်စား တပ်မတော်(ကြည်း၊ရေ၊လေ)အရာရှိကြီးသုံးဦးတို့က ဆရာတော်ထံ ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ၊ သာသနာရေးဝန်ကြီးဌာန၊ ပြည်ထောင်စု မြန်မာနိုင်ငံ စီးပွားရေးဦးပိုင်လီမိတက်၊ သတ္တုတွင်းဝန်ကြီးဌာန မြန်မာ့ဆားနှင့်အဏ္ဏဝါဓာတုဗေဒပစ္စည်းထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်း၊ ကျန်းမာရေးဝန်ကြီးဌာန တိုင်းရင်းဆေးပညာဦးစီးဌာန၊ မြန်မာနိုင်ငံရေထွက်ပစ္စည်း ထုတ်လုပ်သူများနှင့် ပို့ကုန်လုပ်ငန်းရှင်များအသင်း၊ စန္ဒီပရဆေးမိသားစု၊ ရန်ကုန်အရှေ့ပိုင်းခရိုင်နှင့် တောင်ဥက္ကလာပမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၊ ခရိုင်နှင့်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၊ မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့၊ မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း၊ အာရှကြီးပွားတိုးတက်ရေးကုမ္ပဏီ၊ ထွန်းရွှေဝါ တိုင်းရင်းဆေးတိုက်၊ စူပါကော်ဖီမစ်၊ ဂေါ်ဇီလာခြင်နိုင်ဆေးခွေနှင့် ဦးမောင်ကောင်း(၈) ရပ်ကွက်တို့က ဆွမ်းဆန်တော်၊ ဆီ၊ဆား၊ဆေး၊ပဲ နှင့် လှူဖွယ်ပစ္စည်းများကို ဆရာတော်ထံ ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် စေတနာရှင်အလှူရှင်များက ဆွမ်းပဒေသာပင်အတွက် အလှူတော်ငွေများပေးအပ်လှူဒါန်းကြရာ တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုနှင့် ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီတို့က ငွေကျပ် ၁၉၀၀၀၀စီ၊ တောင်ဥက္ကလာပ စက်မှုဇုန်(၁) (၈)ရပ်ကွက်က ငွေကျပ် ၁၂ သိန်း၊ တောင်ဥက္ကလာပမြို့နယ် ပြည်သူများကငွေကျပ် ၁၀ သိန်း၊ ရန်ကုန်အရှေ့ပိုင်းခရိုင် မော်တော်ယာဉ်ထုတ်လုပ်ရေးက ငွေကျပ်လေးသိန်း၊ (ဦးသိန်းမောင်)–ဒေါ်ပါးပါး (စန္ဒီပရဆေးမိသားစု)က ငွေကျပ် ၃၀၇၀၀၀၊ ဦးတင်လတ်[သဘော်ဆေးစက်ရုံ)၊ (၈)ရပ်ကွက်]၊ ဦးခင်ဇော်–ဒေါ်ခင်ဆွေဦး(ကျားကိုးကောင် မော်တော်ယာဉ်ထုတ်လုပ်ရေး)၊ သီဟသုဓမ္မမဏိဇောတဓရ ဦးတင်ဝင်း–ဒေါ်စန်းစန်းဝင်း(မြန်မာပြည်သားဟော့ KNကုမ္ပဏီ)၊ဒါရိုက်တာမောင်မောင်ဦး(အာရှအိပ်စ်ပရက်ကုမ္ပဏီ)နှင့် သီရိသုဓမ္မမဏိဇောတဓရ ဦးစိုးဟန်လင်း–ဒေါ်နန္ဒာအောင်တို့က ငွေကျပ်သုံးသိန်းစီ၊ တောင်ဥက္ကလာပမြို့နယ် ပညာရေးမိသားစုက ငွေကျပ် ၂၁၀၀၀၀၊ ဦးဗိုလ်ဘိုင် (တက်နေကုမ္ပဏီ)၊ တောင်ဥက္ကလာပမြို့နယ် ဆီကုန်သည်များအသင်း၊ ဦးမြင့်ဆန်း (၉ လမ်း၊ ၁၀ရပ်ကွက်)နှင့် ဦးမျိုးအောင်–ဒေါ်ခင်ရည်မွန်(ဆန်းမြန်မာ ကုမ္ပဏီ) တို့က ငွေကျပ်နှစ်သိန်းစီ၊ သီဟသုဓမ္မမဏိဇောတဓရ ဦးတင်အောင်–သီရိသုဓမ္မသင်္ဂီ ဒေါ်လှလှနွယ် (ဝင်းရတနာ ခရီးသွားလုပ်ငန်း)၊ မြန်မာနိုင်ငံဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်းနှင့် ဦးသိုင်းဝင်း–ဒေါ်ဌေးဌေးညွန့်(BTB ကုမ္ပဏီ)တို့က ငွေကျပ် ၁၅၀၀၀၀စီ၊ သီရိသုဓမ္မသင်္ဂီ ဒေါ်မြသိန်း(သား)ဦးရန်ရှင်း မိသားစု(United Winners International Co.,Ltd.)က ငွေကျပ်၁၁၀၀၀၀၊ ဦးမောင်မောင်ဦး (မင်္ဂလာရွှေအုပ် တိုင်းရင်းဆေး)၊ ဦးမျိုးလွင်(စိုးညီအစ်ကိုကားထုတ်လုပ်ရေး)၊ ဦးစန်းမြင့်(သရဖူပလတ်စတစ်လုပ်ငန်း)၊ ဦးစိန်မင်း(စိန်ပဒေသာဒန်အိုးစက်)၊ အဂ္ဂမဟာသီရိသုဓမ္မမဏိဇောတဓရ ဦးစံငြိမ်း (၉–ရပ်ကွက်)၊ ဦးလှမြင့် (သစ်လုပ်ငန်း၊ ၇– ရပ်ကွက်)၊ Frand,ပန်းယမုံနှင့် စိန်ရတနာတည်းခိုခန်းများ၊ မြို့နယ် ဆန်ကုန်သည်များအသင်း၊ ဦးကိုကိုနိုင် (၁၀–ရပ်ကွက်)၊ ဥက္ကလာပ စေတီတော်ဂေါပကအဖွဲ့၊ သာသနာ့ဟိတဓမ္မာရုံ(၁၁–ရပ်ကွက်)၊ ခရိုင်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ၊ ခရိုင်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း၊ ဦးထွန်းရွှေ–ဒေါ်သင်းသင်းဆွေ(ထွန်းရွှေဝါဆေးတိုက်)၊ ဒေါ်လှလှ(လမ်းမတော်)၊ သီရိသုဓမ္မသင်္ဂီ ဒေါ်ခင်နန်းမွန်နှင့်သုဓမ္မသင်္ဂီ ဒေါ်နုနုငယ်တို့ကငွေကျပ် တစ်သိန်းစီ အပါအဝင် ဆွမ်းပဒေသာပင်အလှူငွေစုစုပေါင်း ငွေကျပ်၇၆၅၇၀၀၀တို့ကို ပေးအပ်လှူဒါန်းကြရာ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ၊ တိုင်းမှူး ဗိုလ်ချုပ်လှဌေးဝင်း၊ ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါနှင့် တပ်မတော်အရာရှိကြီးများက လက်ခံကြပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ကြသည်။

ထို့နောက် မင်္ဂလာဒုံလေတပ်စခန်းဌာနချုပ်မှ ဒုတိယဗိုလ်မှူးကြီးမောင်မောင်ကျော်က ဘုန်းတော်ကြီး စာသင်တိုက်များသို့ ဆွမ်းဆန်တော်၊ ဆီ၊ဆား၊ဆေး၊ပဲ နှင့် ဆွမ်းပဒေသာပင်အလှူငွေများ လှူဒါန်းရခြင်းရည်ရွယ်ချက်ကို ရှင်းလင်းလျှောက်ထားသည်။

ယင်းနောက် ငွေကြာယံပရိယတ္တိစာသင်တိုက် နာယကအဖွဲ့ဝင် စာချဆရာတော် ဓမ္မာစရိယ ဒီဃဘာဏက ဘဒ္ဒန္တဓမ္မဒိန္နထံမှ ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေနှင့် အဖွဲ့ဝင်များ၊ ပရိသတ်များက အနုမောဒနာတရား နာယူကြကာ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

တောင်ဥက္ကလာပမြို့နယ်အတွင်းရှိ ဘုန်းတော်ကြီးစာသင်တိုက်များသို့ ယနေ့လှူဒါန်းမှုအစုစုမှာ ဆွမ်းဆန်တော်၂၆၂အိတ်နှင့် ကိုးပြည်၊ ဆီ၁၀၆၇ပိဿာနှင့် ၁၀ကျပ်သား၊ အိုင်အိုဒင်းဆား၁၇၇၁ ပိဿာ၊ သွားတိုက်ဆားဘူး၃၅၄ဘူး၊ပဲ ၃၅၄ပိဿာနှင့် ၂၀ကျပ်သား၊ တိုင်းရင်းဆေးမျိုးစုံ ၁၀၁၂ဘူး၊ ကြာဆံ၄၈ထုပ်၊ စူပါကော်ဖီမစ်၂၄၅ပါကင်၊ ဂေါ်ဇီလာခြင်ဆေးခွေအထုပ်၄၀၀နှင့် ဆွမ်းပဒေသာပင် အလှူတော်ငွေကျပ်၇၆၅၇၀၀၀ဖြစ်သည်။

အလားတူ ရန်ကုန်အနောက်ပိုင်းခရိုင် လှိုင်မြို့နယ်အတွင်းရှိ ဘုန်းတော်ကြီး စာသင်တိုက်၁၃တိုက် နှင့်သီလရှင်စာသင်တိုက်နှစ်တိုက်သို့ တပ်မတော် (ကြည်း၊ ရေ၊ လေ)မိသားစုများနှင့် စေတနာရှင်ပြည်သူများ၏ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ဆေး၊ ပဲနှင့်ဆွမ်းပဒေသာပင် အလှူငွေများ ပေးအပ်လှူဒါန်းပွဲအခမ်းအနားကို ညနေ၃နာရီတွင် ရန်ကုန်အနောက်ပိုင်းခရိုင် လှိုင်မြို့နယ် အမှတ်(၁၃)ရပ်ကွက်ရှိ ပဏ္ဍိတာရာမ စာသင်တိုက်၌ကျင်းပရာ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ တက်ရောက်ကြည်ညိုပြီး ဆရာတော်သံဃာတော်များအား သင်္ကန်းအစရှိသော လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

ရှေးဦးစွာ နိုင်ငံတော်သြဝါဒါစရိယ ပဏ္ဍိတာရာမစာသင်တိုက် ပဓာန နာယကဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တပဏ္ဍိတထံမှ ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေနှင့်အဖွဲ့ဝင်များ၊ ပရိသတ်များက ငါးပါးသီလ ခံယူဆောက်တည်ကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက နိုင်ငံတော် သြဝါဒါစရိယ ပဏ္ဍိတာရာမစာသင်တိုက် ပဓာန နာယကဆရာတော်အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တပဏ္ဍိတထံ သင်္ကန်းအစရှိသော လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းသည်။

ဆက်လက်၍ တိုင်းမှူး ဗိုလ်ချုပ်လှဌေးဝင်း ၊ဒုတိယမြို့တော်ဝန်ဗိုလ်မှူးကြီး မောင်ပါနှင့် တပ်မတော်အရာရှိကြီးများက ဆရာတော် သံဃာတော်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် တပ်မတော်(ကြည်း၊ ရေ၊ လေ) မိသားစုများက လှူဒါန်းသော ဆွမ်းဆန်တော်၊ဆီနှင့်ပဲတို့ကို တပ်မတော်(ကြည်း၊ ရေ၊ လေ) မိသားစုများကိုယ်စား တပ်မတော်(ကြည်း၊ ရေ၊လေ) အရာရှိကြီးသုံးဦးတို့က ဆရာတော်နှင့် သီလရှင်ဆရာကြီးထံ ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ၊ သာသနာရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံ စီးပွားရေးဦးပိုင်လီမိတက်၊ ကျန်းမာရေးဝန်ကြီးဌာန တိုင်းရင်းဆေး ပညာဦးစီးဌာန၊ မြန်မာ့ဆားနှင့် အဏ္ဏဝါဓာတုဗေဒပစ္စည်း ထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်း၊ လှိုင်မြို့နယ်အတွင်းရှိ ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီများ၊ စန္ဒီပရဆေး မိသားစု၊ အိုကေ ပဲမျိုးစုံရောင်းဝယ်ရေး၊ အာရှကြီးပွားတိုးတက်ရေး ထုတ်ကုန်သွင်းကုန်လီမိတက်နှင့် GYI စက်မှုလုပ်ငန်းတို့က ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ဆေး၊ ပဲနှင့် လှူဖွယ်ပစ္စည်းများကို ဆရာတော်ထံ ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် ဆွမ်းပဒေသာပင်အတွက် အလှူရှင်များဖြစ်ကြသော တပ်မတော်(ကြည်း၊ရေလေ)မိသားစုနှင့် ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီတို့က ငွေကျပ် ၁၅၀၀၀၀ စီ၊ ရန်ကုန်အနောက်ပိုင်းခရိုင်နှင့် လှိုင်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ငွေကျပ်နှစ်သိန်း၊ (ဒေါက်တာချန်တိတ်)–ဒေါ်ခင်ဖွားမိသားစု (သံလွင်လမ်း၊ ကမာရွတ်)ကငွေကျပ် သိန်း၅၀၊ ဒေါက်တာခင်သက်မော်နှင့် မောင် ဒေါက်တာမြင့်ဝင်းတို့က ငွေကျပ်သိန်း၂၀၊ ဦးစိုးအောင်မိသားစုက ငွေကျပ် ခြောက်သိန်း၊ သုဓမ္မမဏိဇောတဓရ ဦးဇေယျသူရမွန်–ဒေါ်ခိုင်ခိုင်မြင့် (Gunkul Engineering and Fresh Air Conditioners Co.,Ltd. ) နှင့် ဒေါက်တာဝင်းမြင့်–သီဟသုဓမ္မသင်္ဂီ ဒေါ်ခိုင်ခိုင်ဦး (လှိုင်ရတနာမွန်အိမ်ရာ၊ ၁၂ရပ်ကွက်) တို့က ငွေကျပ်ငါးသိန်းစီ၊ လှိုင်မြို့နယ်အတွင်းရှိ စက်ရုံအလုပ်ရုံနှင့်ဌာနဆိုင်ရာများ၊ ဈေးများက ငွေကျပ်၄၆၂၆၀၀၊ (ဦးသိန်းမောင်)–ဒေါ်ပါးပါး(စန္ဒီပရဆေးမိသားစု)က ငွေကျပ် ၃၀၇၀၀၀၊ ဦးချောင်–ဒေါ်ရွှေစင်(Gold Uni Jewellery Co.,Ltd.), Super Coffee Mix၊ ဦးထွန်းမြင့်–ဒေါ်စန်းစန်းဦး (ဘုတ်ဆုံမငရုတ်သီးမှုန့်)နှင့် လှိုင်မြို့နယ်အတွင်းရှိ ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီများက ငွေကျပ်သုံးသိန်းစီ၊ လှိုင်မြို့နယ်အတွင်းရှိ စားသောက်ဆိုင်များက ငွေကျပ်၂၀၈၀၀၀၊ ဦးရဲအောင်–ဒေါ်လဲ့လဲ့ဝင်း (သီရိကုဋေကြွယ် ကြက်ဆူစိုက်ပျိုးရေးကုမ္ပဏီလီမိတက်)က ငွေကျပ်၂၀၆၀၀၀၊ သီရိသုဓမ္မမဏိဇောတဓရ ဦးတင်ဝင်း–သီရိသုဓမ္မသင်္ဂီ ဒေါ်စန်းစန်းဝင်း(မြန်မာပြည်သားဟော့ KN ကုမ္ပဏီ)၊ သီရိသုဓမ္မမဏိဇောတဓရ ဦးစိုးသိန်း–သီရိသုဓမ္မသင်္ဂီဒေါ်ခင်ချိုအုန်း(ဒုတိယညွှန်ကြားရေးမှူး၊ ရှေ့နေချုပ်ရုံး)၊ Mr.Y.K ကင်း၊ ဦးမောင်မောင်ဦး(ဂရိတ်ဝေါတိုင်းရင်းဆေးဝါးထုတ်လုပ်ရေး)တို့ကငွေကျပ်နှစ်သိန်းစီ၊ သီဟသုဓမ္မ မဏိဇောတဓရ ဦးတင်အောင်–သီရိသုဓမ္မသင်္ဂီ ဒေါ်လှလှနွယ်(ဝင်းရတနာခရီးသွားလုပ်ငန်း)၊ သီရိသုဓမ္မ မဏိဇောတဓရ ဦးသိုင်းဝင်း–သီရိသုဓမ္မသင်္ဂီဒေါ်ဌေးဌေးညွန့်(BTB ကုမ္ပဏီ)၊ ဦးမျိုးအောင်–ဒေါ်ခင်ရည်မွန်(ဆန်းမြန်မာ ကုမ္ပဏီလီမိတက်)၊ မြန်မာနိုင်ငံဆီကုန်သည်များနှင့်ဆီလုပ်ငန်းရှင် အသင်းတို့ကငွေကျပ်၁၅၀၀၀၀စီ၊ ဒေါ်သန်းနု (ရန်ကုန်အနောက်ပိုင်းခရိုင် အမျိုးသမီးရေးရာအဖွဲ့၊ အမျိုးသမီးငယ်ရွယ်အဖွဲ့ခွဲတာဝန်ခံ) ကငွေကျပ် ၁၁၀၀၀၀၊ ဦးစောသူသူအောင်–မစ္စစ်မာစီသော် (ဒေဝီအောင်အောင်ကျင်စီဝန်ဆောင်မှုလီမိတက်)၊ အဂ္ဂမဟာသီဟသုဓမ္မမဏိဇောတဓရ ဦးသန်းနိုင်– အဂ္ဂမဟာသီရိသုဓမ္မ သင်္ဂီဒေါ်ကြည်ကြည်ဆွေ(သမ္မတသင်္ကန်းတိုက်)၊ လှိုင်မြို့နယ်အတွင်းရှိ ဆီကုန်သည်များ၊ ဒေါ်လှလှ(လမ်းမတော်)၊ ဦးထွန်းရွှေ–ဒေါ်သင်းသင်းဆွေ(ထွန်းရွှေဝါကုမ္ပဏီလီမိတက်)၊ ဦးကျော်ကျော်ဦး(ကောင်းကင်ဦးကုမ္ပဏီ)နှင့် ဦးစိုးမိုး(ကောင်းအေးချမ်းကုမ္ပဏီ)တို့က ငွေကျပ် တစ်သိန်းစီအပါအဝင် အလှူရှင်များက ဆွမ်းဆန်တော်အလှူငွေ စုစုပေါင်းကျပ် ၁၄၆၅၄၂၀၀ကို ပေးအပ်လှူဒါန်းကြရာ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ၊ တိုင်းမှူး ဗိုလ်ချုပ်လှဌေးဝင်း၊ ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါနှင့် တပ်မတော်အရာရှိကြီးများက လက်ခံကြပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ကြသည်။

ထို့နောက် ရန်ကုန်တိုင်းစစ်ဌာနချုပ်မှ ဒုတိယဗိုလ်မှူးကြီးမျိုးနိုင်က ဘုန်းတော်ကြီးစာသင်တိုက်များနှင့် သီလရှင်စာသင်တိုက်များသို့ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ဆေး၊ပဲနှင့်ဆွမ်းပဒေသာပင် အလှူငွေများလှူဒါန်းရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းလျှောက်ထားသည်။

ယင်းနောက် နိုင်ငံတော် သြဝါဒါစရိယ ပဏ္ဍိတာရာမစာသင်တိုက် ပဓာန နာယကဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တပဏ္ဍိတထံမှ ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေနှင့်အဖွဲ့ဝင်များ၊ ပရိသတ်များက ရေစက်ချ အနုမောဒနာတရားနာယူကြကာ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

လှိုင်မြို့နယ်အတွင်းရှိ ဘုန်းတော်ကြီးစာသင်တိုက်များနှင့်သီလရှင် စာသင်တိုက်များသို့ ယနေ့လှူဒါန်းသည့် လှူဒါန်းမှုအစုစုမှာ ဆွမ်းဆန်တော်၂၁၄အိတ် သုံးပြည်၊ ဆီ၇၄၇ပိဿာ ၅၀ကျပ်သား၊ အိုင်အိုဒင်းဆား ၁၂၂၅ပိဿာ၊ ပဲ၂၄၅ ပိဿာ၊ ဆေးမျိုးစုံ၂၀၈၀ဘူးနှင့် သွားတိုက်ဆား၂၄၅ဘူး၊ ဆပ်ပြာ၄၃၂တုံး၊ ငရုတ်သီးမှုန့်အထုပ်၉၀၀နှင့် ဆွမ်းပဒေသာပင် အလှူတော်ငွေကျပ်၁၄၆၅၄၂၀၀ ဖြစ်သည်။ (သတင်းစဉ်)



**မွန်ပြည်နယ် မုဒုံမြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းက ကြီးမှူးဖွင့်လှစ်သော အရန်သားဖွားဆရာမ သင်တန်းဖွင့်ပွဲ အခမ်းအနားကို သြဂုတ် ၁ရက်တွင် မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေး အသင်းဥက္ကဋ္ဌ ဒေါ်ထားထားလွင် အဖွင့်အမှာစကားပြောကြားစဉ်။**
(မြို့နယ်မိခင်/ကလေး)

### မဲခေါင်ဒေသမှ

အသင်းကို တစ်ဂိုး–ဂိုးမရှိဖြင့် လည်းကောင်း၊ ညနေပိုင်းပြိုင်ပွဲတွင် ထိုင်းအသင်းကို သုံးဂိုး–ဂိုးမရှိဖြင့်လည်းကောင်း လေးပွဲစလုံး အနိုင်ရရှိပြီး ဗိုလ်စွဲသွားကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

### ● အသက်(၁၇)နှစ်အောက်မှ

မြန်မာလူငယ်အသင်းအတွက် အနိုင်ဂိုးများကို ပထမပိုင်း ၃၉ မိနစ်တွင် ဇင်လင်းထက်က စတင်တစ်ဂိုးသွင်းယူပြီး ပထမပိုင်းတွင် မြန်မာလူငယ်အသင်းက တစ်ဂိုး–ဂိုးမရှိဖြင့် ဦးဆောင်ကစားလျက်ရှိသည်။

ဒုတိယပိုင်း အချိန်ပိုသုံးမိနစ်တွင် မြန်မာလူငယ်အသင်းမှ ကောင်းထက်အောင်က ဒုတိယဂိုးကိုသွင်းယူကာ နှစ်ဂိုး–ဂိုးမရှိဖြင့် မြန်မာလူငယ်အသင်းက အနိုင်ရရှိသွားသည်။

မြန်မာလူငယ်အသင်းသည် (ခ)အုပ်စုတွင် သုံးပွဲကစား တစ်ပွဲနိုင်၊ တစ်ပွဲသရေ၊ တစ်ပွဲရှုံး လေးမှတ်ရရှိထားကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

# ယနေ့ကမ္ဘာနှင့် လောင်စာဆီဈေးနှုန်း ပြဿနာ

ဒီရက်ပိုင်းအတွင်း ကျွန်တော်တို့နိုင်ငံမှာ လောင်စာဆီဈေးနှုန်းတွေ မြင့်တက်သွားတာနဲ့ ပတ်သက်ပြီး အခွင့်ကောင်းစောင့်နေတဲ့ တချို့သော ဝိသမလောဘသား စီးပွားရေးသမားတွေရဲ့ တရားလွန်ကိုယ်ကျိုးရှာမှုတွေကြောင့် ကုန်ဈေးနှုန်းအချို့ တက်သင့်တာထက် ပိုတက်လာခဲ့ရပါတယ်။ အကွက်ကောင်း ချောင်းနေတဲ့ တချို့သောဆန့်ကျင်ဘက်အုပ်စုတွေကလည်း နိုင်ငံရေးအမြတ်ထုတ်ပြီး နိုင်ငံတော်အစိုးရကို အကြည်ညိုပျက်အောင် နည်းမျိုးစုံနဲ့ ကြိုးပမ်းနေကြပါတယ်။

**လောင်စာဆီကို ပုဂ္ဂလိကကဏ္ဍကိုသာ ဖွင့်ပေးလိုက်ရင် ပုဂ္ဂလိကက ဈေးကွက်စီးပွားရေးစနစ်ရဲ့ သဘောအရ အရှုံးခံမှာမဟုတ်တဲ့အတွက် လောင်စာဆီဈေးနှုန်းဟာ ကမ္ဘာ့ဈေးကွက်၊ ကမ္ဘာ့ဈေးနှုန်းနဲ့အညီ ခုထက်တောင် မြင့်တက်သွားနိုင်ပါတယ်။ ဒါကို သိထားတဲ့ နိုင်ငံတော်အစိုးရဟာ ပြည်တွင်းမှာ ပြည်သူလူထုအဆင်ပြေအောင် နှစ်ပေါင်းများစွာ အရှုံးခံပြီးလောင်စာဆီကို တာဝန်ယူ ဖြန့်ဖြူးရောင်းချပေးခဲ့ပါတယ်။ အဲဒီလိုသာမက နိုင်ငံတော်က ပြည်သူလူထုရဲ့ လူမှုရေး၊ ကျန်းမာရေး၊ ပညာရေး၊ လမ်းပန်းဆက်သွယ်ရေး၊ စိုက်ပျိုးရေးစတဲ့ ကဏ္ဍမျိုးစုံမှာ နိုင်ငံတော်ဘဏ္ဍာကနေ ငွေကြေးပမာဏအများအပြား စိုက်ထုတ်ကျခံသုံးစွဲလာခဲ့တာ နှစ်ပေါင်းများစွာ ကြာခဲ့ပါပြီ။**

ကျွန်တော်တို့ နိုင်ငံမှာ ၁၅-၈-၂၀၀၇ ရက်ကစပြီး သက်ဆိုင်ရာက ဓာတ်ဆီ၊ ဒီဇယ်ဆီနဲ့ သဘာဝဓာတ်ငွေ့ ဈေးနှုန်းတွေကို မလွှဲမရှောင်သာ တိုးမြှင့်ခဲ့ရပါတယ်။ **တကယ်တမ်းပြောရရင် ကုန်စည်သယ်ယူပို့ဆောင်ရေး၊ လမ်းပန်းဆက်သွယ်ရေးနဲ့ စက်မှုကုန်ထုတ်လုပ်မှုတွေရဲ့ အခြေခံဖြစ်တဲ့ လောင်စာဆီဈေးနှုန်း မြင့်တက်ရင် အခြေခံစားကုန်တွေ အပါအဝင် အထွေထွေကုန်ပစ္စည်းတွေရဲ့ ကုန်ဈေးနှုန်းမြင့်တက်လာနိုင်တာကို နိုင်ငံတော်အစိုးရအနေနဲ့ မသိလို့မဟုတ်ပါဘူး၊ ရေရှည်အများကြီး အရှုံးခံရောင်းပေးနေခဲ့ရလို့ မတတ်သာတဲ့အဆုံးမှာ အရှုံးကြီးကနေ အရှုံးနည်းနည်းဖြစ်အောင် မလွှဲမရှောင်သာ တိုးမြှင့်လိုက်ရတာပဲ ဖြစ်ပါတယ်။**

**တကယ်တော့ ကျွန်တော်တို့နိုင်ငံမှာ ပြောင်းလဲကျင့်သုံးနေတဲ့ စီးပွားရေးစနစ်ရဲ့ သဘာဝနဲ့ ကမ္ဘာ့လောင်စာဆီဈေးကွက် အခြေအနေတွေကို ဂဃနဏသိထားရင် ဒီကိစ္စကို မျှမျှတတ စဉ်းစားဝေဖန်သုံးသပ်နိုင်ကြမှာ ဖြစ်ပါတယ်။**

အားလုံးသိပြီးဖြစ်ကြတဲ့အတိုင်း ကျွန်တော်တို့နိုင်ငံမှာ ဆိုရှယ်လစ်စီးပွားရေးစနစ်ကနေ ဈေးကွက်စီးပွားရေးစနစ်ကို ပြည်သူအများရဲ့ ဆန္ဒနဲ့အညီ ကူးပြောင်းဖော်ဆောင်လာခဲ့ပါတယ်။ ဈေးကွက်စီးပွားရေးစနစ်ရဲ့ တရားကိုယ်သဘောက ဈေးနှုန်းကိုထိန်းချုပ်ဖို့မလွယ်ပါဘူး။ အစစအရာရာ စီးပွားရေးဆန်ဆန် တွေးတောပြီး အမြတ်အစွန်းကို ရှေးရှုကြပါတယ်။ ဒီနေရာမှာ မြတ်ချင်တိုင်းမြတ်အောင် ဈေးတင်ချင်တိုင်းတင်လို့တော့မရပါဘူး။ အဲဒီလိုတင်ချင်တိုင်းတင်လို့ မရအောင် အဓိက ထိန်းညှိပေးထားတာကလည်း ဘယ်လူပုဂ္ဂိုလ်၊ ဘယ်အဖွဲ့အစည်းမှ မဟုတ်ပါဘူး။ ကုန်ပစ္စည်း ထုတ်လုပ်ထောက်ပံ့နိုင်မှု (Supply)နဲ့ လူထုရဲ့ ဈေးကွက်မှာလိုအပ်တဲ့ သုံးစွဲမှုပမာဏ (Demand) ပဲ ဖြစ်ပါတယ်။

လွယ်လွယ်ပြောရရင် ကုန်ပစ္စည်းရဲ့ Demandများပြီး Supply နည်းရင် ဈေးတက်ပါတယ်။ Supply တွေက များပြီ Demand က နည်းနေရင် ဈေးကျပါတယ်။ ပြီးတော့ ကမ္ဘာ့နိုင်ငံအနှံ့ အပြန်အလှန်ရောင်းဝယ်ဖြန့်ဖြူးနေကြရတဲ့ လောင်စာဆီလို ကုန်ပစ္စည်း တွေဟာ တစ်နိုင်ငံနဲ့တစ်နိုင်ငံ ဈေးကွက်ဆက်စပ်နေတတ်ကြပါတယ်။ နိုင်ငံတစ်နိုင်ငံမှာရှိတဲ့ လောင်စာဆီဈေးနှုန်းဟာ ကမ္ဘာ့ဈေးကွက်က အဲဒီဈေးနှုန်းနဲ့ တစ်နည်းတစ်ဖုံ ဆက်စပ်နေတတ်ပါတယ်။

ဆိုလိုတဲ့သဘောကတော့ **လောင်စာဆီကို ပုဂ္ဂလိကကဏ္ဍကိုသာ ဖွင့်ပေးလိုက်ရင် ပုဂ္ဂလိကက ဈေးကွက်စီးပွားရေးစနစ်ရဲ့ သဘောအရ အရှုံးခံမှာမဟုတ်တဲ့အတွက် လောင်စာဆီဈေးနှုန်းဟာ ကမ္ဘာ့ဈေးကွက်၊ ကမ္ဘာ့ဈေးနှုန်းနဲ့အညီ ခုထက်တောင်မြင့်တက်သွားနိုင်ပါတယ်။ ဒါကို သိထားတဲ့ နိုင်ငံတော်အစိုးရဟာ ပြည်တွင်းမှာ ပြည်သူလူထုအဆင်ပြေအောင် နှစ်ပေါင်းများစွာ အရှုံးခံပြီးလောင်စာဆီကို တာဝန်ယူ ဖြန့်ဖြူးရောင်းချပေးခဲ့ပါတယ်။ အဲဒီလိုသာမက နိုင်ငံတော်က ပြည်သူလူထုရဲ့ လူမှုရေး၊ ကျန်းမာရေး၊ ပညာရေး၊ လမ်းပန်းဆက်သွယ်ရေး၊ စိုက်ပျိုးရေးစတဲ့ ကဏ္ဍမျိုးစုံမှာ နိုင်ငံတော်ဘဏ္ဍာကနေ ငွေကြေးပမာဏအများအပြား စိုက်ထုတ်ကျခံသုံးစွဲလာခဲ့တာ နှစ်ပေါင်းများစွာကြာခဲ့ပါပြီ။**

**၁၉၇၂ ခုနှစ်မှာ ကမ္ဘာ့ဈေးနှုန်းက ရေနံတစ်စည်ကို ပျမ်းမျှ အမေရိကန်ဒေါ်လာ ၂၀ ဒေါ်လာတောင်မပေးခဲ့ရပေမယ့် ၁၉၇၃ခုနှစ်မှာ ၂၀ ဒသမ ၈၃ ဒေါ်လာ ဖြစ်လာခဲ့ပါတယ်။ ၂၀၀၃ ခုနှစ်မှာ ၃၁ ဒေါ်လာနဲ့ ၂၀၀၄ ခုနှစ်မေလကစပြီး တစ်စည်ကို ဒေါ်လာ ၄၀၊ ဒေါ်လာ ၅၀၊ ဒေါ်လာ ၆၀ ဆိုပြီး တဖြည်းဖြည်း မြင့်တက်လာခဲ့တာ ၂၀၀၅ ခုနှစ် ဩဂုတ်လကုန်မှာ ဒေါ်လာ ၇၀အထိ ရောက်ခဲ့ပါတယ်။ ခုဆိုရင် လက်ရှိကမ္ဘာ့ရေနံပေါက်ဈေးဟာ တစ်စည်ကို ပျမ်းမျှ ၇၁ဒေါ်လာ ကျော်ကျော် ရှိပါတယ်။**

ယနေ့ကမ္ဘာမှာ လောင်စာဆီဈေးကွက်ပြဿနာဟာ ရှေ့တန်းရောက်လာပါတယ်။ နိုင်ငံတိုင်းလိုလိုမှာ လောင်စာဆီလုံလောက်အောင်၊ လောင်စာဆီဈေးနှုန်း ပိုမတက်လာအောင် နည်းမျိုးစုံနဲ့ကြိုးစားနေကြရပါတယ်။

၂၀ ရာစုနောက်ပိုင်းမှာ ကမ္ဘာ့စီးပွားရေးအကျပ်အတည်းတွေ ဖြစ်ပေါ်လာခဲ့တဲ့ အခြေအနေကို ဆန်းစစ်ကြည့်ရင် ကမ္ဘာ့ရေနံအကျပ်အတည်းတွေနဲ့ ဆက်စပ်ခဲ့တာ တွေ့ရပါတယ်။ ၁၉၇၃ ခုနှစ်မှာ ပထမရေနံအကျပ်အတည်း စတင်ကြုံတွေ့ခဲ့ရပြီး ၁၉၇၉ခုနှစ်မှာ ဒုတိယရေနံအကျပ်အတည်း၊ ၁၉၉၀ ပြည့်နှစ်မှာ တတိယရေနံအကျပ်အတည်း၊ အမေရိကန်က အီရတ်ကိုဝင်မတိုက်မီနဲ့ စစ်ပြီးစကာလ ၂၀၀၃ ခုနှစ် ဧပြီလ မတိုင်မီကာလမှာ စတုတ္ထရေနံအကျပ်အတည်းနဲ့ ရင်ဆိုင်ခဲ့ကြရပါတယ်။ ၂၀၀၃ ခုနှစ် ဧပြီလနောက်ပိုင်းကစလို့ ပဉ္စမကမ္ဘာ့ရေနံအကျပ်အတည်းနဲ့ ရင်ဆိုင်ခဲ့ရပြီးနောက် ဝယ်လိုအားနဲ့ ရောင်းလိုအားများစွာ ကွာဟပြီး Demand ကို Supply က လိုက်မမီတဲ့အတွက် ကမ္ဘာ့ရေနံဈေးနှုန်းတွေဟာ မိုးထိအောင်လှေကားထောင်တက်ခဲ့ ပါတယ်။

၁၉၇၂ ခုနှစ်မှာ ကမ္ဘာ့ဈေးနှုန်းက ရေနံတစ်စည်ကို ပျမ်းမျှ အမေရိကန်ဒေါ်လာ ၂၀ ဒေါ်လာတောင်မပေးခဲ့ရပေမယ့် ၁၉၇၃ခုနှစ်မှာ ၂၀ ဒသမ ၈၃ ဒေါ်လာဖြစ်လာခဲ့ပါတယ်။ ၂၀၀၃ ခုနှစ်မှာ ၃၁ ဒေါ်လာနဲ့ ၂၀၀၄ ခုနှစ်မေလကစပြီး တစ်စည်ကို ဒေါ်လာ ၄၀၊ ဒေါ်လာ ၅၀၊ ဒေါ်လာ ၆၀ ဆိုပြီး တဖြည်းဖြည်းမြင့်တက်လာခဲ့ တာ ၂၀၀၅ ခုနှစ် ဩဂုတ်လကုန်မှာ ဒေါ်လာ ၇၀အထိ ရောက်ခဲ့ပါတယ်။ ခုဆိုရင် လက်ရှိကမ္ဘာ့ရေနံပေါက်ဈေးဟာ တစ်စည်ကို ပျမ်းမျှ ၇၁ဒေါ်လာ ကျော်ကျော် ရှိပါတယ်။

**ခုလို ကမ္ဘာ့ရေနံဈေးနှုန်းမြင့်တက်လာရခြင်း ပထမအကြောင်းရင်းကတော့ ကမ္ဘာ့ရေနံဝယ်လိုအား (Demand) ဟာ ၂၀၀၃ ခုနှစ်နောက်ပိုင်းမှာ အရှိန်အဟုန်နဲ့ တိုးမြင့်လာခဲ့ပါတယ်။ ဒုတိယအကြောင်းရင်းကတော့ ရေနံထုတ်လုပ်မှု (Supply) ကလည်း တိုးမြင့်လာတဲ့ ဝယ်လိုအားကို အပြည့်အဝဖြည့်စွမ်းပေးနိုင်ခြင်း မရှိလို့ပါပဲ။ ခုဆိုရင် ကမ္ဘာပေါ်မှာ ရေနံစွမ်းအင်ထုတ်လုပ်မှုဟာ အမြင့်ဆုံးအဆင့် အထွတ်အထိပ် (Peak Level) ရောက်နေပြီဖြစ်ပြီး ရှေ့လာမယ့်ငါးနှစ်၊ ဆယ်နှစ်အတွင်းမှာ ထုတ်လုပ်မှု တဖြည်းဖြည်း ကျဆင်းသွားဖွယ်ရာရှိတယ်လို့ ကျွမ်းကျင်တဲ့ ပညာရှင်တွေက သုံးသပ်ထားကြပါတယ်။**

၂၀၀၄ ခုနှစ် အကုန်မှာ သေချာတဲ့ကမ္ဘာ့ရေနံပမာဏဟာ စည်ပေါင်း ၁၁၈၉ ဘီလီယံလောက်သာရှိနေပြီး လက်ရှိနှုန်းထားအတိုင်း ဆက်လက်အသုံးပြုနေမယ်ဆိုရင် နောက်ထပ်နှစ် ၄၀လောက်သာ ထုတ်ယူအသုံးပြုနိုင်တော့မှာ ဖြစ်ပါတယ်။ အဲဒီလို မဟုတ်ဘဲ ခုထက်ပိုပြီးကမ္ဘာပေါ်မှာ တစ်နှစ်ကို ပျမ်းမျှရေနံစည် ၄၄ ဘီလီယံလောက် သုံးမယ်ဆိုရင် နောက်ထပ် ၂၅ နှစ်လောက်အထိသာ ထုတ်ယူအသုံးပြုနိုင်တော့မှာ ဖြစ်ပါတယ်။

ဒါကြောင့်လည်း ကမ္ဘာ့နိုင်ငံအသီးသီးဟာ ရေနံအပြင် သဘာဝဓာတ်ငွေ့နဲ့ ကျောက်မီးသွေးတွေကို ထပ်မံရှာဖွေနေကြရပါတယ်။ ရေနံ၊ သဘာဝဓာတ်ငွေ့နဲ့ ကျောက်မီးသွေးတွေဟာ အကန့်အသတ်မရှိသုံးစွဲနိုင်တဲ့ စွမ်းအင်မျိုး မဟုတ်ဘဲ အချိန်ကာလအပိုင်းအခြားတစ်ခုမှာ ကုန်ခန်းသွားမယ့်စွမ်းအင်တွေဖြစ်ကြပါတယ် (All fossil fuels are finite)။ လက်ရှိကမ္ဘာပေါ်မှာရှိတဲ့ အဲဒီစွမ်းအင်တွေကို တိရစ္ဆာန်၊ သစ်ပင်စတဲ့ ရုပ်ဖြစ်ကြွင်းကျန်တွေကနေ နှစ်သန်းပေါင်း ရာထောင်ချီအောင်ကြာပြီးမှ ခုလိုရလာတာဖြစ်တဲ့အတွက် အဲဒီသယံဇာတတွေ ကုန်သွားရင် မကြာမီအချိန်ကာလအတွင်း သယံဇာတအသစ်များအဖြစ် ထပ်မံဖြစ်ပေါ်မလာနိုင်ပါဘူး။

ဒါကြောင့် ကမ္ဘာ့နိုင်ငံအသီးသီးမှာ ရေအားလျှပ်စစ်၊ လေအားလျှပ်စစ်၊ နေစွမ်းအင်၊ ဒီရေစွမ်းအင်၊ ဟိုက်ဒရိုဂျင်စွမ်းအင်နဲ့ ခြံစည်းရိုး

ကြက်ဆူ၊ ကြံ၊ ...
စွမ်းအင်တွေကိုရှာ...
ဖြစ်ပါတယ်။ အဲ...
အမြဲ ထုတ်ယူသုံးစွဲ...
Energy လို့ခေါ်...

မြန်မာနိုင်ငံရဲ့...
ဒေသများမှာ ထုတ်...
ပမာဏ စည်ပေါင်...
ပမာဏ စည်ပေါ...
သန်းပေါင်း ၃၂၀...
ခန့်မှန်းထားကြပါ...

**လက်ရှိမြန်မာ...**
**ပမာဏဟာ ရေနံစ...**
**နောင်နှစ်ပေါင်း...**
**ရပါတယ်။ မြန်မ...**
**ဒီဇယ်ဆီ ဂါလန်...**
**ဖြန့်ဖြူးရောင်းချ...**

ဒါပေမယ့် **ကမ္ဘာ...**
**ဟာ ပြည်တွင်းထုတ...**
**ပြည်ပမှ ဈေးကြီး...**
**လောင်စာဆီ လိုအ...**
**လုပ်ပေးနိုင်ဖို့ နိုင်...**
**ဆောင်ရွက်လျက်ရှိ...**
**ငွေကြေးအမြောက်...**
**လည်း ဖက်စပ်ရေ...**
**နေပါတယ်။**

ဒီနေရာမှာ အ...
**အနောက်နိုင်ငံကြီး...**
**ရေနံရှာဖွေထုတ်လု...**
**တယ်။ ဒါကြောင့်...**
**ပိုမိုတင်သွင်းနေရ...**

**ကမ္ဘာ့အနှံ့မှာ...**
**များများဟာ ကမ္ဘာ...**
**ကို တိုးမြှင့်နေကြ...**
**တဲ့ အိမ်နီးချင်းတ...**

**ဒီနေ့...**
**ရိုက်ခတ်...**
**မလွှဲမရှော...**
**အရှုံးကြီး...**
**စိုက်ထုတ်...**
**တိုးတက်...**
**တွေးဆ...**

**ကို တာဝန်ယူ ဖြန့်ဖြူး**
**တ်က ပြည်သူလူထုရဲ့**
**က်သွယ်ရေး၊ စိုက်ပျိုး**
**ငွေကြေးပမာဏအများ**
**င်းများစွာကြာခဲ့ပါပြီ။**
သနာဟာ ရှေ့တန်း
ဆီလုံလောက်အောင်၊
ည်းမျိုးစုံနဲ့ကြိုးစားနေ

းအကျပ်အတည်းတွေ
ရင် ကမ္ဘာ့ရေနံအကျပ်
ယ်။ ၁၉၇၃ ခုနှစ်မှာ
၁၉၇၉ခုနှစ်မှာ ဒုတိယ
ရေနံအကျပ်အတည်း၊
စကာလ ၂၀၀၃ ခုနှစ်
တည်းနဲ့ ရင်ဆိုင်ခဲ့ကြရ
စလို့ ပဥ္စမကမ္ဘာ့ရေနံ
အားနဲ့ ရောင်းလိုအား
လိုက်မမီတဲ့အတွက်
ထောင်တက်ခဲ့ ပါတယ်။
န်တစ်စည်ကို ပျမ်းမျှ
ရပေမယ့် ၁၉၇၃ခုနှစ်
၂၀၀၃ ခုနှစ်မှာ ၃၁
ည်ကို ဒေါ်လာ ၄၀၊
ုံးမြင့်တက်လာခဲ့ တာ
ထိ ရောက်ခဲ့ပါတယ်။
ကို ပျမ်းမျှ ၇၁ဒေါ်လာ

**ျင်း ပထမအကြောင်း**
**nd) ဟာ ၂၀၀၃ ခုနှစ်**
**ယ်။ ဒုတိယအကြောင်း**
**လည်း တိုးမြင့်လာတဲ့**
**း မရှိလို့ပါပဲ။ ခုဆိုရင်**
**မြင့်ဆုံးအဆင့် အထွတ်**
**း ရှေ့လာမယ့်ငါးနှစ်၊**
**း ကျဆင်းသွားဖွယ်ရာ**
**သပ်ထားကြပါတယ်။**
ပမာဏဟာ စည်ပေါင်း
ားအတိုင်း ဆက်လက်
်သာ ထုတ်ယူအသုံးပြု
ထက်ပိုပြီးကမ္ဘာပေါ်မှာ
ဟာက် သုံးမယ်ဆိုရင်
ယူအသုံးပြုနိုင်တော့မှာ

ရေနံအပြင် သဘာဝ
ာဖွေနေကြရပါတယ်။
ဘာ အကန့်အသတ်မရှိ
အပိုင်းအခြားတစ်ခုမှာ
(All fossil fuels
းအင်တွေကို တိရစ္ဆာန်၊
သန်းပေါင်း ရာထောင်
် အဲဒီသယံဇာတတွေ
သယံဇာတအသစ်များ

ားလျှပ်စစ်၊ လေအား
င်စွမ်းအင်နဲ့ ခြံစည်းရိုး

## ကျော်စွာမျိုးထက်

ကြက်ဆူ၊ ကြံ၊ ပြောင်း၊ ပဲပိစပ်၊ ပီလောပီနံ စတာတွေကရတဲ့ ဇီဝစွမ်းအင်တွေကိုရှာဖွေလေ့လာသုတေသနပြုပြီး ထုတ်ယူသုံးစွဲနေကြပြီဖြစ်ပါတယ်။ အဲဒီစွမ်းအင်တွေကတော့ အကန့်အသတ်မရှိ အစဉ်အမြဲ ထုတ်ယူသုံးစွဲသွားနိုင်တဲ့ စွမ်းအင်တွေဖြစ်ပြီး Renewable Energy လို့ခေါ်ဝေါ်လေ့ရှိကြပါတယ်။

မြန်မာနိုင်ငံရဲ့ကုန်းပေါ် (On-shore)နဲ့ ကမ်းလွန် (Off-shore) ဒေသများမှာ ထုတ်လုပ်ရန် ကျန်ရှိနေသေးတဲ့ သေချာတဲ့ရေနံသတ္တုသိုက်ပမာဏ စည်ပေါင်း ၁၄၂၉သန်းနဲ့ အလားအလာရှိတဲ့ ရေနံသတ္တုသိုက်ပမာဏ စည်ပေါင်း ၁၇၇၁ သန်းရှိပြီး နှစ်မျိုးပေါင်းဟာ ရေနံစည်သန်းပေါင်း ၃၂၀၀လောက်ရှိနိုင်မယ်လို့ ကျွမ်းကျင်သူ ပညာရှင်တွေက ခန့်မှန်းထားကြပါတယ်။

**လက်ရှိမြန်မာနိုင်ငံအနေနဲ့ နှစ်စဉ်ထုတ်ယူအသုံးပြုနေတဲ့ ရေနံပမာဏဟာ ရေနံစည် ၇ ဒသမ ၅သန်းခန့်ဖြစ်လို့ ဒီပမာဏအတိုင်းဆိုရင် နောင်နှစ်ပေါင်း ၁၉၀ကျော်အထိ ထုတ်ယူသုံးစွဲနိုင်မယ်လို့ခန့်မှန်းရပါတယ်။ မြန်မာနိုင်ငံရဲ့ ရေနံချက်စက်ရုံများမှ နှစ်စဉ်ဓာတ်ဆီနဲ့ ဒီဇယ်ဆီ ဂါလန်သန်းပေါင်း ၁၇၀ကျော်ထုတ်လုပ်ပြီး ပြည်တွင်းမှာ ဖြန့်ဖြူးရောင်းချပေးလျက်ရှိကြောင်း သိရပါတယ်။**

ဒါပေမယ့် **ကျွန်တော်တို့နိုင်ငံရဲ့ လက်ရှိရေနံထွက်ပစ္စည်းအသုံးပြုမှုဟာ ပြည်တွင်းထုတ်လုပ်မှုနဲ့ မလုံလောက်တဲ့အတွက် နိုင်ငံတော်အစိုးရက ပြည်ပမှ ဈေးကြီးပေးပြီး မှာယူတင်သွင်းဖြည့်ဆည်းပေးလျက်ရှိပါတယ်။ လောင်စာဆီ လိုအပ်ချက်ကို ပြည်တွင်းမှာလုံလောက်စွာ တိုးချဲ့ထုတ်လုပ်ပေးနိုင်ဖို့ နိုင်ငံတော်အနေနဲ့ ဘက်ပေါင်းစုံကနေ အထူးကြိုးပမ်းဆောင်ရွက်လျက်ရှိပါတယ်။ အဲဒီလို တိုးချဲ့ထုတ်လုပ်နိုင်ဖို့ ရင်းနှီးမြှုပ်နှံမှုငွေကြေးအမြောက်အမြားလိုအပ်တဲ့အတွက် ပြည်ပရေနံကုမ္ပဏီများနဲ့လည်း ဖက်စပ်ရေနံတူးဖော်ရှာဖွေရေးလုပ်ငန်းတွေလည်း ဆောင်ရွက်နေပါတယ်။**

ဒီနေရာမှာ အလျဉ်းသင့်လို့ပြောချင်တာက **ကျွန်တော်တို့နိုင်ငံအပေါ် အနောက်နိုင်ငံကြီး တချို့ရဲ့လွဲမှားတဲ့စီးပွားရေးပိတ်ပင်တားဆီးမှုကြောင့် ရေနံရှာဖွေထုတ်လုပ်ရေးကဏ္ဍမှာလည်း အတော်အတန်ထိခိုက်လာရပါတယ်။ ဒါကြောင့်လည်း နိုင်ငံတော်အစိုးရက ပြည်ပမှလောင်စာဆီပိုမိုတင်သွင်းနေရတာဖြစ်ပါတယ်။**

**ကမ္ဘာအနှံ့မှာ လောင်စာဆီဈေးတက်နေတာဖြစ်လို့ နိုင်ငံအတော်များများဟာ ကမ္ဘာ့ဈေးကွက်နဲ့အညီ ပြည်တွင်းလောင်စာဆီဈေးနှုန်းတွေကို တိုးမြှင့်နေကြရပါတယ်။ ဥပမာအနေနဲ့ပြောရရင် ဖွံ့ဖြိုးတိုးတက်နေတဲ့ အိမ်နီးချင်းတရုတ်နိုင်ငံမှာ ၂၀၀၃ ခုနှစ်ကစပြီး ယနေ့အထိ**

> **အင်တာနက်မှာ ရှာဖွေကြည့်ရင် နိုင်ငံစုံက လောင်စာဆီ ဈေးနှုန်း အမျိုးမျိုးကို တွေ့နိုင်ပါတယ်။ အဲဒီဈေးနှုန်းတွေနဲ့ ယှဉ်ကြည့်တဲ့အခါ ကျွန်တော်တို့နိုင်ငံမှာ တက်လိုက်တဲ့ လောင်စာဆီ ဈေးနှုန်းဟာ အဲဒီနိုင်ငံတွေ အားလုံးရဲ့ ဈေးနှုန်းထက် သက်သာနေသေးတာကို တွေ့ရပါတယ်။ ပြီးတော့လည်း ကမ္ဘာ့ဈေးနှုန်းနဲ့ ယှဉ်ပြီးကြည့်ရင် နိုင်ငံတော်အစိုးရ အနေနဲ့ ဒီနေ့အထိ အရှုံးခံပြီး ဓာတ်ဆီ၊ ဒီဇယ်ဆီတွေ ရောင်းချပေး နေသေးတာကို သိသာနိုင်ပါတယ်။**

**လေးနှစ်အတွင်း လောင်စာဆီဈေးနှုန်းကို ၁၂ကြိမ်တိုင်တိုင်တိုးမြှင့်ခဲ့ရကြောင်း သိရပါတယ်။**

**ကျွန်တော်တို့ရဲ့ အိမ်နီးချင်းထိုင်းနိုင်ငံမှာဆိုရင် ယခုနှစ်ဇူလိုင်လအတွင်းက ဓာတ်ဆီတစ်ဂါလန်ကို ၁၃၆ဘတ်( ၃ ဒသမ ၅ ဒေါ်လာ) နဲ့ ဒီဇယ်တစ်ဂါလန်ကို ၁၁၈ဘတ် (၃ ဒသမ ၁ ဒေါ်လာ) လောက်ပေးရပါတယ်။**

**၂၅-၈-၂၀၀၇ ရက်မှာ အင်္ဂလန်နိုင်ငံရဲ့ ဓာတ်ဆီပေါက်ဈေးက တစ်ဂါလန်ကို ၄ ဒသမ ၃ ပေါင် (၈ ဒသမ ၃ ဒေါ်လာ)နဲ့ ဒီဇယ်တစ်ဂါလန်ကို ၄ ဒသမ ၄ပေါင် (၈ ဒသမ ၅ ဒေါ်လာ) တောင်ရှိပါတယ်။ ပြင်သစ်နိုင်ငံမှာ ၂၁-၈-၂၀၀၇ရက်က ဓာတ်ဆီတစ်ဂါလန်ကို ၇ ဒသမ ၈ ဒေါ်လာနဲ့ ဒီဇယ်တစ်ဂါလန်ကို ၆ ဒသမ၇ ဒေါ်လာနှုန်းဈေးရှိပါတယ်။ လောင်စာဆီဈေး သက်သာတယ်လို့ ထင်ကြတဲ့ အမေရိကန်မှာတောင် ၂၀-၈-၂၀၀၇ ရက်က ဓာတ်ဆီတစ်ဂါလန်ကို ၃ ဒသမ ၃ ဒေါ်လာနဲ့ ဒီဇယ်တစ်ဂါလန်ကို ၃ ဒသမ၅ ဒေါ်လာဈေးလောက်ဖြစ်နေပါတယ်။**

**ဒါဟာ နိုင်ငံအချို့ကိုသာ ကောက်နုတ်ဖော်ပြလိုက်ခြင်းဖြစ်ပါတယ်။ အင်တာနက်မှာ ရှာဖွေကြည့်ရင် နိုင်ငံစုံကလောင်စာဆီဈေးနှုန်း အမျိုးမျိုးကို တွေ့နိုင်ပါတယ်။ အဲဒီဈေးနှုန်းတွေနဲ့ ယှဉ်ကြည့်တဲ့အခါ ကျွန်တော်တို့နိုင်ငံမှာ တက်လိုက်တဲ့လောင်စာဆီဈေးနှုန်းဟာ အဲဒီနိုင်ငံတွေ အားလုံးရဲ့ ဈေးနှုန်းထက်သက်သာနေသေးတာကိုတွေ့ရပါတယ်။ ပြီးတော့လည်း ကမ္ဘာ့ဈေးနှုန်းနဲ့ ယှဉ်ပြီးကြည့်ရင် နိုင်ငံတော်အစိုးရအနေနဲ့ ဒီနေ့အထိအရှုံးခံပြီး ဓာတ်ဆီ၊ ဒီဇယ်ဆီတွေ ရောင်းချပေးနေသေးတာကို သိသာနိုင်ပါတယ်။**

ဒီလို နိုင်ငံတော်ဘဏ္ဍာငွေက စိုက်ထုတ်အရှုံးခံရောင်းပေးနေရုံသာမက ပြည်သူအများ လိုလားတောင့်တနေတဲ့ အနာဂတ်ဒီမိုကရေစီနိုင်ငံတော်အတွက် လိုအပ်တဲ့နိုင်ငံရေး၊ လူမှုရေး၊ စီးပွားရေး အခြေခံအဆောက်အအုံ (Infrastructure) တွေကို နေ့မအား၊ ညမနား အရှိန်အဟုန်ပြင်းစွာနဲ့ အကောင်အထည်ဖော်ပေးနေတာတွေကလည်း လယ်ပြင်မှာဆင်သွားသလို သိသာထင်ရှားလှပါတယ်။

ကျွန်တော်တို့နိုင်ငံမှာ လမ်းပန်းဆက်သွယ်ရေးအတွက် နေရာအနှံ့ လမ်းတွေတံတားတွေ လက်ယှက်ထိုးဖောက်လုပ်တည်ဆောက်ပေးထားသလို စိုက်ပျိုးရေးကဏ္ဍမှာ ဆည်မြောင်းတာတမံကြီးတွေကို ခုအခါမှာ လက်ညှိုးထိုးမလွဲမြင်တွေ့နိုင်ပါတယ်။ စက်မှုလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် စက်မှုဇုန်ကြီးတွေကို နိုင်ငံအနှံ့မှာထူထောင်ပေးထားသလို ပညာရေးနဲ့ပတ်သက်လို့ ဒေသအသီးသီးမှာ တစ်ပြေးညီဖွံ့ဖြိုးတိုးတက်ပြီး တက္ကသိုလ်ကြီးတွေ၊ ဒီဂရီကောလိပ်ကြီးတွေ အများအပြားပေါ်ထွန်းလာခဲ့ပါတယ်။ ကျန်းမာရေးကဏ္ဍအနေနဲ့လည်း နယ်စပ်ဒေသများပါမကျန် နယ်ဆေးရုံကြီးတွေမှာ ယခင်က ရန်ကုန်နဲ့မန္တလေးမြို့တွေမှာသာရှိတဲ့ ဆေးကုသပေးမှုများကို လူနာတွေအတွက် ဆောင်ရွက်ပေးနိုင်လာပါပြီ။

ဒီတော့ **ဒီနေ့ကမ္ဘာတစ်ဝန်းမှာဖြစ်နေတဲ့ လောင်စာဆီဈေးနှုန်းပြဿနာရဲ့ထိုးနှက်ရိုက်ခတ်မှုဂယက်ကြောင့် ကျွန်တော်တို့နိုင်ငံမှာလည်း လောင်စာဆီဈေးနှုန်း မလွှဲမရှောင်သာ တိုးမြှင့်လိုက်ရတာကို နားလည်နိုင်ကြမယ်လို့ ထင်ပါတယ်။ အရှုံးကြီးကနေ အရှုံးလေး ဖြစ်လာအောင် ဆောင်ရွက်လိုက်ရလို့ နိုင်ငံဘဏ္ဍာငွေ စိုက်ထုတ်ကုန်ကျခံထားရတဲ့ပမာဏနည်းလာရင် အခြားသောနိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းတွေမှာ ပိုပြီးအသုံးချလာနိုင်မှာကိုလည်း အပြုသဘောနဲ့တွေးဆကြည့် မြင်လာနိုင်ကြလိမ့်မယ်လို့မျှော်လင့်မိပါတယ်။**

**ဘယ်အရာမဆို အဆိုးနဲ့အကောင်း ဒွန်တွဲနေတတ်တာဖြစ်တဲ့အတွက် အဆိုးမြင်ဝါဒနဲ့သာ မျက်မှန်စိမ်းတပ်ပြီး ကြည့်မနေဘဲ နိုင်ငံတော်အစိုးရရဲ့စေတနာတွေနဲ့ နိုင်ငံတော်ကြီး အမှန်တကယ်ဖွံ့ဖြိုးတိုးတက်လာတာတွေကို အရှိကိုအရှိအတိုင်းရှုမြင်သုံးသပ်နိုင်ကြဖို့ လိုအပ်ပါတယ်။**

**ဒါ့ပြင် မလွှဲမရှောင်သာလောင်စာဆီဈေးနှုန်းမြင့်တက်လာရတာကို ပြည်သူတွေ အချင်းချင်း အခွင့်ကောင်းမယူမိကြဖို့လည်းအရေးကြီးပါတယ်။ လောင်စာဆီဈေးကြောင့် ပိုမိုကုန်ကျရတာက နည်းနည်း၊ မိမိဈေးတင်လိုက်တာကများများ မဖြစ်အောင်လည်း သတိပြုဖို့လိုအပ်ပါတယ်။**

ခြုံပြီးပြောရရင်တော့ အပြုသဘောဆောင်တဲ့ ခံယူချက်နဲ့နှိုင်းနှိုင်းချိန်ချိန်သုံခမိန်ဆိုတဲ့ စကားနဲ့အညီ ကြောင်းကျိုးဆက်စပ်ချင့်ချိန်သုံးသပ်တတ်ကြမယ်ဆိုရင်၊ မျှမျှတတစဉ်းစားဆင်ခြင် တတ်ကြမယ်ဆိုရင် နှစ်ဦးနှစ်ဖက်အဆင်ပြေပြီး တည်ငြိမ်အေးချမ်းသာယာလှပတဲ့ လောကကြီးသာ ဖြစ်နေမှာသေချာပါတယ်ဆိုတဲ့အကြောင်း စေတနာကောင်းနဲ့ တင်ပြလိုက်ရပါတယ် ခင်ဗျား။ ။

> **ဒီနေ့ကမ္ဘာတစ်ဝန်းမှာဖြစ်နေတဲ့ လောင်စာဆီဈေးနှုန်း ပြဿနာရဲ့ ထိုးနှက်ရိုက်ခတ်မှုဂယက်ကြောင့် ကျွန်တော်တို့နိုင်ငံမှာလည်း လောင်စာဆီဈေးနှုန်း မလွှဲမရှောင်သာ တိုးမြှင့်လိုက်ရတာကို နားလည်နိုင်ကြမယ်လို့ ထင်ပါတယ်။ အရှုံးကြီးကနေ အရှုံးလေး ဖြစ်လာအောင် ဆောင်ရွက်လိုက်ရလို့ နိုင်ငံဘဏ္ဍာငွေ စိုက်ထုတ် ကုန်ကျခံထားရတဲ့ပမာဏနည်းလာရင် အခြားသောနိုင်ငံတော် ဖွံ့ဖြိုး တိုးတက်ရေးလုပ်ငန်းတွေမှာ ပိုပြီးအသုံးချလာနိုင်မှာကိုလည်း အပြုသဘောနဲ့ တွေးဆ ကြည့်မြင်လာနိုင်ကြလိမ့်မယ်လို့ မျှော်လင့်မိပါတယ်။**

# ရောဝတီတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဖလား ပိုက်ကျော်ခြင်းပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲကျင်းပ

နေပြည်တော် ဩဂုတ် ၂၆

**၂၀၀၇ ခုနှစ် ရောဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဖလား ၂၆ မြို့နယ် အမျိုးသား၊ အမျိုးသမီး ပိုက်ကျော်ခြင်းပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲကို ဩဂုတ် ၁၆ ရက် မွန်းလွဲ ၁ နာရီခွဲက ပုသိမ်မြို့ ကိုးသိန်းအားကစားရုံ၌ ကျင်းပရာ အခမ်းအနားသို့ ရောဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်တောင်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင်နှင့်ဇနီး၊ တိုင်းအားကစားနှင့် ကာယပညာကော်မတီဥက္ကဋ္ဌ ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်တင့်ဆွေ၊ ဦးစီးအရာရှိကြီးများနှင့် ၎င်းတို့၏ဇနီးများ၊ တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး ဦးကျော်စန်းနှင့် အဖွဲ့ဝင်များ၊ တိုင်းအဆင့်ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ အားကစားဝါသနာရှင်များ တက်ရောက်ကြသည်။**

အစီအစဉ်အရ ရှေးဦးစွာ တိုင်းမှူးနှင့် ပရိသတ်များက ဗိုလ်လုပွဲအဖြစ် ဝါးခယ်မမြို့နယ်နှင့် မအူပင်မြို့နယ် အမျိုးသားအသင်းတို့၏ ယှဉ်ပြိုင်မှုကို ကြည့်ရှုအားပေးကြသည်။ ဗိုလ်လုပွဲ၌ ဝါးခယ်မ မြို့နယ်အသင်းက နှစ်ပွဲ တစ်ပွဲဖြင့် အနိုင်ရ ဗိုလ်စွဲသွားသည်။

ပြိုင်ပွဲအပြီးတွင် ဆုပေးပွဲကို ဆက်လက်ကျင်းပရာ အမျိုးသား၊ အမျိုးသမီးပြိုင်ပွဲတွင် ပထမ၊ ဒုတိယနှင့် အကောင်းဆုံး အားကစားသမားဆုရရှိကြသူများအား ဒုတိယတိုင်းမှူးနှင့် တာဝန်ရှိသူများက ဆုများ အသီးသီး ပေးအပ်ချီးမြှင့်ကြပြီး တိုင်းမှူး၏ဇနီး ဒေါ်သန်းသန်းနွဲ့က အမျိုးသမီးပြိုင်ပွဲတွင် တံခွန်စိုက်ဆုရ ငပုတောမြို့နယ် အသင်းအား တံခွန်စိုက်ဆုဖလားကို ပေးအပ်ချီးမြှင့်သည်။

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ် သူရမြင့်အောင်က အမျိုးသားပြိုင်ပွဲတွင် တံခွန်စိုက်ဆုရ ဝါးခယ်မမြို့နယ် အသင်းအား တံခွန်စိုက်ဆုဖလားချီးမြှင့်ကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ ၂၀၀၇ ခုနှစ်ရောဝတီတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဖလား ၂၆မြို့နယ် အမျိုးသား၊ အမျိုးသမီး ပိုက်ကျော်ခြင်းပြိုင်ပွဲကို ဩဂုတ် ၁၆ ရက်မှ စတင်ကျင်းပခဲ့ပြီး အမျိုးသမီး ပိုက်ကျော်ခြင်းပြိုင်ပွဲတွင် ငပုတောမြို့နယ်အသင်းက လေးနှစ်ဆက်တိုက် တံခွန်စိုက်ဆုဖလားရရှိခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)



## ဆုဖလားချီးမြှင့်

**ရောဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင် ရောဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဖလား အမျိုးသား ပိုက်ကျော်ခြင်းပြိုင်ပွဲ တံခွန်စိုက်ဆုရ ဝါးခယ်မမြို့နယ်အသင်းအား တံခွန်စိုက်ဆုဖလားချီးမြှင့်စဉ်။**

(သတင်းစဉ်)



**ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် ၇ မိုင် မေခလမ်းနေ ဦးဇော်ဝေ-ဒေါ်စန်းစန်းတင့်၊ သား ကိုနိုင်ထူးမောင်၊ ဗိုလ်နိုင်လင်းမောင်၊ သမီး မခင်စုလှိုင် မိသားစုက ဒဂုံမြို့နယ် စကားဝါလမ်း မင်းကွန်း ဆရာတော်ကြီး၏ တိပိဋက တိုးချဲ့ခြောက်ထပ်ကျောင်းတော်ကြီးအတွက် အလှူငွေကျပ် ငါးသိန်းကို အနုနာယက ဆရာတော် ဘဒ္ဒန္တပဏ္ဍိစ္စထံ ရေစက်ချအနုမောဒနာတရား နာယူပြီး တိ-နိ(ပင်မ) ဦးအေးဖေထံ ပေးအပ်လှူဒါန်းစဉ်။** (ကြေးမုံ)



**FMI City သာသနာ့ဗိမာန်ဆောက်လုပ်ရန်အတွက် ဆရာတော် အရှင်ဝါသဝအား အလှူငွေကျပ် ၁၀၀၀၀၀ကို ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၃၄) စံပြရပ်ကွက်နေ ဒေါ်ချိုချိုအေးမိသားစုက လှူဒါန်းစဉ်။** (က-ပ)



**ရန်ကုန်အရှေ့ပိုင်းဆေးရုံကြီးသို့ တန်ဖိုးငွေ ကျပ် ၁၁၈၀၀၀၀ တန်ဖိုးရှိ နှလုံးစမ်းသပ်သည့် အီးစီဂျီ စက်တစ်လုံးကို ဆီးနှင့်ကျောက်ကပ်အထူးကု ဆရာဝန်ကြီး ပါမောက္ခဒေါက်တာဦးဝင်းမြိုင်နှင့်ဇနီး သားဖွား မီးယပ်အထူးကု ဆရာဝန်ကြီး တွဲဖက်ပါမောက္ခ ဒေါက်တာဒေါ်နီလာဝင်း မိသားစုတို့ကဩဂုတ် ၂၄ ရက်တွင် ပေးအပ်လှူဒါန်းရာ ဆေးရုံအုပ်ကြီး ဒေါက်တာ ဒေါ်စမ်းစမ်းလှိုင် ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ချီးမြှင့်စဉ်။** (၂၃)



## ဆယ်အိမ်စုမှူး ဆင့်ပွားသင်တန်းဖွင့်ပွဲ ကျင်းပ

**ရန်ကုန် ဩဂုတ် ၂၆**

မွန်ပြည်နယ်၊မော်လမြိုင်မြို့နယ်၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းမှ ကြီးမှူး၍ ဆယ်အိမ်စုမှူး ဆင့်ပွားသင်တန်းဖွင့်ပွဲအခမ်းအနားကို ဩဂုတ် ၄ ရက် နံနက် ၁၁ နာရီတွင် မော်လမြိုင်မြို့နယ် မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းရုံး အစည်းအဝေး ခန်းမဆောင်၌ ကျင်းပသည်။

ဖွင့်ပွဲတွင် မော်လမြိုင်မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်သီသီရှိန်က အဖွင့်အမှာစကားပြောကြားပြီး **(အပေါ်ပုံ)**မြို့နယ် ကျန်းမာရေးဦးစီးဌာနမှူး အသင်းအတွင်းရေးမှူး ဒေါက်တာ ဒေါ်ရီရီခင်က သင်တန်းဖွင့်လှစ်ရသည့် ရည်ရွယ်ချက်နှင့် သင်တန်းပို့ချမည့် သင်ခန်းစာများ အကြောင်းကို ရှင်းလင်းပြောကြားသည်။ (၁၀၇)

# ပို့ဆောင်ရေးဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေ ဆိပ်ခံတံတားလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

ရန်ကုန် ဩဂုတ် ၂၆

**ဆိပ်ကမ်းကုန်တင်ကုန်ချလုပ်ငန်းများ သွက်လက်မှန်ကန်မြန်ဆန်စေရေးနှင့် စွမ်းအားပြည့်ဆောင်ရွက်နိုင်ရေးကော်မတီဥက္ကဋ္ဌ၊ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေသည် စွမ်းအားပြည့်ဆောင်ရွက်နိုင်ရေးကော်မတီဝင်များ၊ မြန်မာ့ဆိပ်ကမ်းအာဏာပိုင် ဦးဆောင်ညွှန်ကြားရေးမှူး ဦးသိန်းငွေ၊ အကောက်ခွန်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစံသောင်းနှင့် တာဝန်ရှိသူများလိုက်ပါလျက် ဩဂုတ် ၂၀ရက် မွန်းလွဲပိုင်းတွင် မြန်မာ့ဆိပ်ကမ်းအာဏာပိုင် အမှတ်(၃)ဗိုလ်အောင်ကျော်တံတား ကုန်သေတ္တာစခန်းရှိ သွင်းကုန်နှင့် ထုတ်ကုန်ပစ္စည်းများအား စစ်ဆေးရေးအဖွဲ့များဖြင့် ဖွင့်ဖောက်စစ်ဆေးနေမှုအခြေအနေ၊ သိုလှောင်ရုံအတွင်းရှိ ပစ္စည်းများ စနစ်တကျသိုလှောင် ထားရှိမှုအခြေအနေ၊ ကုန်သေတ္တာတင် မော်တော်ယာဉ်များ X Ray စက်ဖြင့် ဖြတ်သန်းမောင်းနှင် စစ်ဆေးနေမှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက ရှင်းလင်းပြသကြသည်။**





**ဆိပ်ကမ်း ကုန်တင်ကုန်ချလုပ်ငန်းများ သွက်လက်မှန်ကန်မြန်ဆန်စေရေးနှင့် စွမ်းအားပြည့်ဆောင်ရွက်နိုင်ရေး ကော်မတီဥက္ကဋ္ဌ၊ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေ အလုံမြို့နယ် Asia World ဆိပ်ခံတံတားရှိ သင်္ဘောပေါ်မှ ကုန်သေတ္တာများ တင်ချနေမှုကို ကြည့်ရှုစစ်ဆေးစဉ်။** (သတင်းစဉ်)

ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ဝန်ကြီးက သွင်းကုန်ထုတ်ကုန်ပစ္စည်းများကို စနစ်တကျ စစ်ဆေးရေး၊ မြန်ဆန်မှုနှင့် မှန်ကန်မှုရှိအောင် ဆောင်ရွက်ရေး၊ မသမာမှုများ မရှိစေရေးတို့ကို အသေးစိတ် ညွှန်ကြားမှာကြားသည်။

ဆက်လက်၍ ဝန်ကြီးနှင့် အဖွဲ့သည် ဆူးလေအမှတ်(၅) ဆိပ်ခံတံတားတွင် ဆိုက်ကပ်ထားသော M.V Huang Shan သင်္ဘောပေါ်မှ သံချောင်း တန်ချိန် ၈၅၀၀ မော်တော်ယာဉ်ပေါ်သို့ တင်ချနေမှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ဝန်ကြီးက လိုအပ်သည်များ မှာကြားသည်။

ထိုမှတစ်ဆင့် ဝန်ကြီးနှင့် အဖွဲ့သည် အလုံကမ်းနားလမ်းရှိ မြန်မာ့စက်မှုဆိပ်ကမ်းသို့ သွားရောက်၍ စက်မှုဆိပ်ကမ်းရှိကုန်သေတ္တာများအား စစ်ဆေးရေးအဖွဲ့များဖြင့် ဖွင့်ဖောက်စစ်ဆေးနေမှု၊ ဆန်၊ ပဲအမျိုးမျိုးနှင့် လူသုံးကုန်ပစ္စည်းများ ဖွင့်ဖောက်စစ်ဆေးနေမှုအခြေအနေ၊ ဆိပ်ကမ်းရှိ M.V Bogain Villa သင်္ဘောပေါ်မှ ကုန်သေတ္တာများ တင်ချဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးရာ ဝန်ကြီးက သွင်းကုန် ထုတ်ကုန်ပစ္စည်းများအား စစ်ဆေးရာတွင် နှောင့်နှေးကြန့်ကြာမှုမရှိစေရေး၊ ဆိပ်ကမ်းလုပ်ငန်းများ မှန်ကန် ချောမွေ့မှုဖြစ်စေရေး ဂရုစိုက်ဆောင်ရွက်သွားကြရန်နှင့် သင်္ဘောများပေါ်သို့ ကုန်သေတ္တာများ တင်ဆောင်ရာတွင် လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေး၊ သတ်မှတ်ချိန်အတွင်း လုပ်ငန်းများ လျင်မြန်ချောမွေ့မှုရှိစေရေးတို့ကို မှာကြားသည်။

## မှာကြား

ဆက်လက်၍ ဝန်ကြီးနှင့်အဖွဲ့သည် အလုံမြို့နယ် ကွင်းကျောင်းလမ်းရှိ Asia World ဆိပ်ခံတံတားသို့ သွားရောက်ကြပြီး ကုန်သေတ္တာများအတွင်းရှိ လူသုံးကုန်အထည်အလိပ်များ၊ ပရိဘောဂပစ္စည်းများ၊ ပဲအမျိုးမျိုး၊ ဆန်အိတ်များ၊ ရော်ဘာပစ္စည်းများ၊ မော်တော်ကားတာယာများ ဖွင့်ဖောက် စစ်ဆေးနေမှုအခြေအနေ၊ ကုန်သေတ္တာများ X Rayစက်ဖြင့် စစ်ဆေးနေမှု အခြေအနေများ၊ ဆိပ်ကမ်းရှိ M.V Kota Teraju သင်္ဘောကြီးပေါ်မှ ကုန်သေတ္တာများ တင်ချနေမှု အခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးပြီးဝန်ကြီးက တာဝန်ရှိသူများ အား လိုအပ်သည်များ ဖြည့်ဆည်း မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# မော်လမြိုင်မြို့ ရေစီးရေလာကောင်းမွန်ရေးလုပ်ငန်းများ တိုင်းမှူး ဗိုလ်ချုပ်သက်နိုင်ဝင်း ကြည့်ရှုစစ်ဆေး

ရန်ကုန် ဩဂုတ် ၂၆

**မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အရှေ့တောင်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သက်နိုင်ဝင်းသည် ပြည်နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးအောင်ဝင်းနှင့်ဌာနဆိုင်ရာ တာဝန်ရှိသူများလိုက်ပါလျက် ဩဂုတ် ၄ရက် နံနက် ၈နာရီခွဲ တွင် မော်လမြိုင်မြို့ ရွှေတောင်ရပ်ကွက်၊ စစ်ကဲကုန်းရပ်ကွက်၊ မရမ်းကုန်းရပ် ကွက်၊ မန္တလေးရပ်ကွက်၊ ဖက်တန်းရပ်ကွက်၊ မောင်ငံရပ်ကွက်၊ ဘိုကုန်းရပ်ကွက်၊ မုပွန်ရပ်ကွက်နှင့် ပန်းဘဲတန်းရပ်ကွက်များအတွင်း ရေစီးရေလာကောင်းမွန်ရေး၊ ကားလမ်းများပေါ်သို့ ရေမတင်စေရေး၊ သံလွင်မြစ်ရေ အတက်အဝင်ရေများမြန်ဆန်စွာပြန်လည်စီးဆင်းသွားရေးအတွက် ပိတ်ဆို့နေသည့် အမှိုက်သရိုက်များအား သိမ်းဆည်းဖယ်ရှားမှုလုပ်ငန်းများကို မွန်ပြည်နယ် မော်လမြိုင်မြို့ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးအေးဆွေ ကြီးကြပ်မှုဖြင့် စည်ပင်သာယာရေးဝန်ထမ်းများ၊ လူမှုရေးအသင်း အဖွဲ့ဝင်များ ပူးပေါင်းဆောင်ရွက်နေမှုလုပ်ငန်းခွင်သို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။** (ယာပုံ)

ယင်းနောက် တိုင်းမှူးနှင့်အဖွဲ့အား မော်လမြိုင်မြို့နယ် စည်ပင်သာယာရေး အဖွဲ့ အင်ဂျင်နီယာ ဦးမျိုးဝင်းက လုပ်ငန်းဆိုင်ရာများကို မြေပုံကားချပ် တို့ဖြင့် ရှင်းလင်းတင်ပြရာ တိုင်းမှူးက လိုအပ်သည်များကို မှာကြားသည်။

ထို့နောက် တိုင်းမှူးနှင့်အဖွဲ့သည် မော်လမြိုင်မြို့ ကမ်းနားလမ်း တစ်လျှောက် မြို့သာယာလှပရေး အတွက် မြို့နယ်စည်ပင်သာယာရေး အဖွဲ့က စိုက်ပျိုးထားသည့် နှစ်ရှည် အရိပ်ရပင်များ၊ အလှပန်းပင်များ စိုက်ပျိုးထားမှု၊ ကမ်းနားလမ်း တစ်လျှောက် မြစ်ထွက်ပေါက်များ ရေစီးရေလာကောင်းမွန်ရေး ဆောင်ရွက်ထားမှုတို့ကို လှည့်လည်ကြည့်ရှု စစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များကို မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးကြောင်း သတင်း ရရှိသည်။ (၁၀၇)



**ရန်ကုန်တိုင်း လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ဒုတိယတိုင်းဦးစီးဌာနမှူး ဦးကျော်ဇေယျ ဗိုလ်တထောင်မြို့နယ် ဧရာဝတီ ရေတပ်စခန်းဌာနချုပ် စစ်သည် အိမ်ထောင်သည် မိသားစုဝင်များထံ နိုင်ငံသား စိစစ်ရေးကတ်ပြား ပေးအပ်စဉ်။** (လူဝင်မှုကြီးကြပ်ရေး)




## နိုင်ငံသားစိစစ်ရေးကတ်ပြား ပေးအပ်ပွဲကျင်းပ

ရန်ကုန် ဩဂုတ် ၂၆

ရန်ကုန်အရှေ့ပိုင်းခရိုင် ဗိုလ်တထောင်မြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှ နိုင်ငံသားစိစစ်ရေးကတ်ပြားများပေးအပ်ပွဲကို ဩဂုတ် ၂၄ရက် နံနက် ၁၀နာရီက ဗိုလ်တထောင်မြို့နယ် ဧရာဝတီရေတပ်စခန်းဌာနချုပ် သီဟသူရထွန်းတင်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ဧရာဝတီရေတပ်စခန်းဌာနချုပ်မှ ဒုတိယဗိုလ်မှူးကြီး ထိန်ဝင်းက အဖွင့်အမှာစကားပြောကြားပြီး ရန်ကုန်တိုင်း လူဝင်မှုကြီးကြပ်ရေး နှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ဒုတိယတိုင်းဦးစီးဌာနမှူး ဦးကျော်ဇေယျက နိုင်ငံသားစိစစ်ရေးကတ်ပြား လွယ်ကူလျင်မြန်စွာထုတ်ပေးရေးလုပ်ငန်း အစီအစဉ်များကို ရှင်းလင်းပြောကြားသည်။ ထို့နောက် တက်ရောက်လာကြသော တာဝန်ရှိသူများကစိစစ်ပြီး နိုင်ငံသားစိစစ်ရေးကတ်ပြား ၂၀၄ ခုအား စစ်သည် အိမ်ထောင်သည် မိသားစုများထံသို့ ပေးအပ်သည်။

(သတင်းစဉ်)

## ပြိုင်ဆိုင်မှု၏အားသာချက်ကို နားလည်သဘောပေါက်ခြင်း ဟောပြောပွဲကျင်းပမည်

ရန်ကုန် ဩဂုတ် ၂၆

မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ် နှင့် မြန်မာနိုင်ငံ ပုစွန်လုပ်ငန်းရှင်များ အသင်း တို့ပူးပေါင်းစီစဉ်မှု၊ ရွှေကြည် သာထရိတ်ဒင်း၏ ပံ့ပိုးကူညီမှုတို့ဖြင့် စက်တင်ဘာ ၁ရက် မွန်းလွဲ ၂နာရီခွဲ တွင် ရန်ကုန်မြို့ အင်းစိန်မြို့နယ်ရှိ မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ် သီရိ အဏ္ဏဝါခန်းမ၌ ကထိက ဒေါက်တာ ဝါဝါမောင် (အသုံးချဘောဂဗေဒဌာန၊ ရန်ကုန် စီးပွားရေးတက္ကသိုလ်)က ပြိုင်ဆိုင်မှု၏ အားသာချက်ကို နားလည် သဘောပေါက်ခြင်း ခေါင်းစဉ်ဖြင့် ဟောပြောမည်ဖြစ်သဖြင့် စိတ်ပါဝင်စား သူမည်သူမဆို တက်ရောက်နိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)




## ဆောင်းပါးရှင်ဦးဇော်၏ ဆောင်းပါးပေါင်းချုပ် စာအုပ် ထုတ်ဝေဖြန့်ချိ

ရန်ကုန် ဩဂုတ် ၂၆

ဆောင်းပါးရှင် ဦးဇော်၏ **"ပြည်ထောင်စုအရေး၊ ပြည်ထောင်စုအတွေး၊ ပြည်ထောင်စု တိုးတက်ရေးနှင့် အခြားဆောင်းပါးများ"** စာအုပ်ကို ထုတ်ဝေဖြန့်ချိ လိုက်ကြောင်း သိရသည်။ **(ဝဲပုံ)**

အဆိုပါ စာအုပ်တွင် ဆောင်းပါး ၂၉ပုဒ် စုစည်းပါရှိပြီး စာအုပ်များကို ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း အရောင်းဆိုင်နှင့် ကုန်သည်လမ်းရှိ စာပေဗိမာန် စာအုပ်ဆိုင်တို့တွင် ဝယ်ယူရရှိနိုင်ကြောင်း သိရသည်။

(သတင်းစဉ်)

## မြောက်ဥက္ကလာပမြို့နယ် ဂီတအစည်းအရုံး စည်းရုံးရေးကော်မတီ ဖွဲ့စည်းတာဝန်ပေးအပ်

ရန်ကုန် ဩဂုတ် ၂၆

မြန်မာနိုင်ငံ ဂီတအစည်းအရုံးက ရန်ကုန်မြို့ မြောက်ဥက္ကလာပ မြို့နယ် ဂီတအစည်းအရုံး စည်းရုံးရေးကော်မတီ ဖွဲ့စည်းတာဝန်ပေးအပ်ပွဲ အခမ်းအနား ကို ဩဂုတ် ၁၄ရက် မွန်းလွဲ ၁နာရီ တွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေး ခန်းမ၌ ကျင်းပရာ သဘာပတိ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ဦးဟန်ဝင်းအောင်နှင့် မြန်မာနိုင်ငံဂီတ အစည်းအရုံးမှ အတွင်း ရေးမှူး(၂) ဦးရန်ပိုင်စိုးတို့က အမှာစကား ပြောကြားပြီး မြို့နယ်ဂီတအစည်း အရုံး စည်းရုံးရေးကော်မတီဥက္ကဋ္ဌအဖြစ် ရန်ကင်းသန်းရီလေး၊ အတွင်းရေးမှူး အဖြစ် ဂီတမှူးလွှမ်းမိုးအောင်နှင့် အဖွဲ့ဝင် ကိုးဦးတို့ ပါဝင်သော မြို့နယ်ဂီတ အစည်းအရုံး စည်းရုံးရေး ကော်မတီကို ဖွဲ့စည်းတာဝန်ပေးအပ်လိုက်သည်။

### ပေးအပ်လှူဒါန်း

ထို့နောက် မြို့နယ်ဂီတအစည်းအရုံး စည်းရုံးရေးကော်မတီဥက္ကဋ္ဌ ရန်ကင်း သန်းရီလေးက ကျေးဇူးတင်စကား ပြောကြားပြီး ဥက္ကဋ္ဌ ဦးသန်းရီလေးနှင့် ထုတ်လုပ်ဖြန့်ချိမှ ဦးခင်မောင်အေး တို့က အလှူငွေကျပ် ၅၀၀၀၀စီနှင့် ဘဏ္ဍာရေးမှူး ဥက္ကလာမြမြဝင်းက အလှူငွေကျပ် ၃၀၀၀၀တို့ကို ပေးအပ် လှူဒါန်းကြကြောင်း သတင်းရရှိသည်။ **(ဝဲပုံ)** (သတင်းစဉ်)



## ဖလားဝါးနယူးစ်ဂျာနယ် အတွဲ(၃)၊ အမှတ်(၃၃)ဖြန့်ချိ

ရန်ကုန် ဩဂုတ် ၂၆

ဖလားဝါးနယူးစ်ဂျာနယ် အတွဲ(၃)၊ အမှတ်(၃၃)တွင် "လျှို့ဝှက်သောနင်း" နိုင်ငံတကာ ရုပ်မြင်သံကြားလိုင်းမှ ကမ္ဘာတစ်ဝန်းလုံးသို့ပျံ့နှံ့၊ အာဆီယံ နှစ် (၄၀)ပြည့်အထိမ်းအမှတ်အဖြစ် အင်ဒိုနီးရှားရုပ်သံလိုင်းမှ ထုတ်လွှင့်ခဲ့၊ ရန်ကုန်မြို့ တွင်းပြေး ခရီးသည်တင်ယာဉ်လိုင်းအချို့ ကားခလျှော့ချ၊ ပြည်တွင်းလေယာဉ် လက်မှတ်နှုန်းများ ပြောင်းလဲသတ်မှတ်ရန်ညှိနှိုင်းနေ၊ ဂျပန်ဘာသာစကားပြိုင်ပွဲ ထူးချွန်စွာ အောင်မြင်ခဲ့သူ ဂျပန်နိုင်ငံသို့လေ့လာရေးခရီးသွားရပြီ၊ မြန်မာနိုင်ငံမှ တင်ပို့နေသော ကုန်ပစ္စည်းကိုးမျိုးကို ထိုင်းကအခွန်ကင်းလွတ်ခွင့်ပြု၊ ဈေးနှုန်းချိုသာ စွာစီးနိုင်ရန် အောင်မင်္ဂလာအဝေးပြေးဂိတ်တွင် ကိုယ့်အားကိုယ်ကိုး တက္ကစီဂိတ် တစ်ခုဖွင့်လှစ်ပြေးဆွဲ၊ "မမော်ချင်နေ--ပျော်ချင်လှသည်" ယနေ့ရန်ကုန်လူနေမှုဘဝ နှင့် ပတ်သက်၍ မျက်မှောက်ရေးရာ သုံးသပ်ချက် သတင်းဆောင်းပါးစသည့် ပြည်တွင်းရေးရာသတင်းများ ဝေဝေဆာဆာဖြင့် ယနေ့ထွက်ရှိလာသည်။

"အဲရစ်ဆင်-ဘီယန်ချီ-မန်စီးတီး ဘယ်လောက်ထိအတွဲညီကြမလဲ" အားကစားဆောင်းပါးနှင့်အတူ ချစ်မွေးခွေး၊ ပင်လယ်လှိုင်းစီးပြိုင်ပွဲ ဒုတိယအကြိမ် ကျင်းပ၊ ကမ္ဘာတစ်ပတ် ရက်ရှစ်ဆယ် အပေါ့ဆုံး လေယာဉ်ဖြင့် အိန္ဒိယလေယာဉ်မှူး များ စံချိန်တင်၊ လေအေးစက်ဂျာကင် ဂျပန်ကုမ္ပဏီတီထွင်၊ ဒီဗီဒီခွေတ်ပြား အနံ့ခံပါရဂူ ခွေးနှစ်ကောင် မလေးရှားက ဂုဏ်ပြုဘွဲ့တံဆိပ်ချီးမြှင့်၊ အေ့စ်ဝေဒနာရှင် များအတွက် လိုအပ်နေသောရန်ပုံငွေ ကိုရီးယားမင်းသား ကင်မ်ဟေးဆန်က ရှာဖွေပေးခဲ့၊ တံတားပြို၍ သေဆုံးမှုအတွက် ကြီးလေးသော အပြစ်ဒဏ်ပေးရန် တရုတ်သမ္မတ အမိန့်ချမှတ် စသည့်နိုင်ငံတကာရေးရာသတင်းများ၊ သုံးသပ်ချက် ဆောင်းပါးများ၊ စီးပွားရေး၊ ကျန်းမာရေး၊ ဖျော်ဖြေရေးနှင့် အားကစားကဏ္ဍစုံလင်စွာ ဖြင့် e-Empire Media House က မြန်မာတစ်ပြည်လုံးဖြန့်ချိလိုက်ပြီဖြစ်သည်။

(သတင်းစဉ်)

## NLD ပါတီသည် ပြည်တွင်း၊ ပြည်ပ အဖျက်သမားများနှင့် ပူးပေါင်း၍ နိုင်ငံနှင့်လူမျိုးအကျိုး ပျက်စီးရာပျက်စီးကြောင်း ကြံစည်လုပ်ဆောင်လျက်ရှိ လပွတ္တာမြို့နယ်မှ ပါတီဝင် ၁၂ ဦး ခုပေါင်းနုတ်ထွက်

ရန်ကုန် ဩဂုတ် ၂၆

ဧရာဝတီတိုင်း လပွတ္တာမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ပါတီဝင်များဖြစ်ကြသော ဒေါ်ဇင်မာထိုက်၊ ဒေါ်ခင်မာရီ၊ ဦးမန်းဖိုးထူး၊ ဦးစောဟင်နရီ၊ ဦးသန်းဦး၊ ဦးပေါ်လူး၊ ဦးနိုင်ဦးနှင့် ဦးစောရီတို့ အပါအဝင် ပါတီဝင် ၁၂ ဦးတို့သည် ဩဂုတ် ၁၇ ရက်တွင် ၎င်းတို့ သဘောဆန္ဒအလျောက် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) ပါတီမှ နုတ်ထွက်ကြောင်း နုတ်ထွက်စာများရေးသားပြီး အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) ဌာနချုပ်နှင့် သက်ဆိုင်ရာ ဒေသအာဏာပိုင်အဖွဲ့အစည်း အသီးသီးတို့သို့ နုတ်ထွက်စာများကိုပေးပို့နုတ်ထွက်ခဲ့ကြသည်။

လပွတ္တာမြို့နယ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပရေး ကော်မရှင်အဖွဲ့ခွဲသို့ ပေးပို့သောနုတ်ထွက်လွှာတွင် NLD ပါတီသည် ပြည်တွင်း၊ ပြည်ပ အဖျက်သမားများနှင့် ပူးပေါင်း၍ နိုင်ငံနှင့်လူမျိုးအကျိုးပျက်စီးရာ ပျက်စီးကြောင်း ကြံစည်လုပ်ဆောင်လျက်ရှိကြောင်း၊ ပါတီ၏လုပ်ရပ်များကို လက်ခံနိုင်မှုမရှိတော့သဖြင့် ၎င်းတို့ဆန္ဒ အလျောက် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) ပါတီမှ နုတ်ထွက်ပါကြောင်းဖြင့် ဖော်ပြထားသည်။

(သတင်းစဉ်)

## အင်အားအသင့်အတင့်ရှိ မြေငလျင်လှုပ်ရှား

နေပြည်တော် ဩဂုတ် ၂၆

ဩဂုတ် ၂၅ရက် မြန်မာစံတော်ချိန် ၂၃နာရီ ၃၃မိနစ် ၀၇စက္ကန့် အချိန်၌ ကမ္ဘာအေး မြေငလျင်စခန်း၏ အနောက်တောင်ဘက် မိုင် ၂၂၀ ခန့်ကွာဝေးသော (မြန်မာနိုင်ငံပြင်ပ) နေရာကို ဗဟိုပြု၍ အင်အား ရစ်ချ်တာစကေး ၅ ဒသမ ၄ အဆင့်ရှိ အင်အားအသင့်အတင့်ရှိသော မြေငလျင်တစ်ခု လှုပ်ရှားသွားကြောင်း တိုင်းထွာရရှိသည်ဟု မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှု ဦးစီးဌာနက သတင်းထုတ်ပြန်သည်။

(သတင်းစဉ်)

## ကျောင်းလေဝေးဝေး မူးယစ်ဆေး

# မြန်မာ့ရိုးရာလက်ဝှေ့ ရွှေခါးပတ်ချန်ပီယံပွဲ အလဲထိုးပွဲများဖြင့် အကြိတ်အနယ်ယှဉ်ပြိုင် စစ်သွေးနှင့် ဒေါနအောင်ပွဲ အကောင်းဆုံးပွဲဖြစ်

ရန်ကုန်　　ဩဂုတ်　　၂၆

**မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ၊ အားကစားဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံ ရိုးရာအားကစားအဖွဲ့ချုပ်တို့မှ ကြီးမှူး၍ Calsome ကွေကာ (Myanmar Distribution Group)၏ အဓိကပံ့ပိုးကူညီမှုဖြင့် ကျင်းပသည့် စတုတ္ထအကြိမ်မြောက် ကိုယ်အလေးချိန်အတန်းလိုက် မြန်မာ့ရိုးရာလက်ဝှေ့ ၂၀၀၇ ရွှေခါးပတ်ချန်ပီယံပြိုင်ပွဲ ကွာတားဖိုင်နယ် ဒုတိယနေ့ပွဲစဉ်များကို ယနေ့မွန်းလွဲ ၂ နာရီမှစ၍ အမျိုးသားအားကစားပြိုင်ပွဲရုံ(၁) သုဝဏ္ဏတွင် ဆက်လက်ကျင်းပသည်။**

ယနေ့ပွဲစဉ်တွင် လိုက်ဖလိုင်းဝိတ်တန်း ကွာတားဖိုင်နယ်၌ အောင်စစ်မင်း(မျိုးဆက်သစ်)က စောသဲဝေ(သူရဲကောင်း)ကို ပထမအချီ ၂၈ စက္ကန့်တွင် ပင့်ဒူးဖြင့် ပွဲသိမ်းအနိုင်ရသွားသည်။ မိုးသီး(မြန်မာပြည်သား)နှင့် နေဇော်(ဒေါင်းမြန်မာ)တို့ပွဲမှာ အလုံးအထည်မျှ၍ သူမသာ၊ ကိုယ်မသာရှိနေသည်။ ပထမအချီ ၁ မိနစ် ၅၃ စက္ကန့်တွင် မိုးသီး၏ ဘယ်ခြေကန်ချက်မှာ နေဇော်၏ ရင်ဝကိုထိမှန်ပြီး ပြန်မထနိုင်၍ မိုးသီးအနိုင်ရရှိသွားသည်။ စိုးမိုးဟိန်း(နှစ်ရှည်ဥယျာဉ်ခြံ)နှင့် မင်းထက်ကျော်(တောင်ကလေး)တို့ ပွဲမှာမူ စတုတ္ထအချီကျမှ အရှုံးအနိုင် ပေါ်ခဲ့သည်။ စိုးမိုးဟိန်းက သူအားသာသည့် ဒူးပျံကို အဓိကသုံးကာ မင်းထက်ကျော်ကို ရင်ဆိုင်သည်။ မင်းထက်ကျော်က စိုးမိုးဟိန်း၏ ထိုးကွက်များကို ရှောင်ပြီး ပြန်ထိုးသော်လည်း ချက်ကောင်းထိအောင် မထိုးနိုင်ပေ။ စတုတ္ထအချီတွင် မင်းထက်ကျော် လက်ရည်ကျသွား၍ စိုးမိုးဟိန်း တရစပ်ဖိထိုးလာရာ ၂မိနစ် ၃ စက္ကန့်တွင် ပင့်ဒူးဖြင့် ပွဲသိမ်းလိုက်သည်။ အကြိုဗိုလ်လုပွဲတွင် စောကျွဲချို့နှင့် အောင်စစ်မင်း၊ မိုးသီးနှင့် စိုးမိုးဟိန်းတို့ ယှဉ်ပြိုင်ရမည်ဖြစ်သည်။

ဘင်တန်ဝိတ်တန်း ကွာတားဖိုင်နယ်တွင် အသည်းစွဲ(နှစ်ရှည်ဥယျာဉ်ခြံ)နှင့် ရွှေဖလား(K.L.N)တို့ ယှဉ်ပြိုင်ကြသည်။ နှစ်ဦးစလုံး ပညာစုံထုတ်သုံး၍ ရင်ဆိုင်ယှဉ်ပြိုင်ရာ ပွဲကောင်းတစ်ပွဲဖြစ်ခဲ့သည်။ လက်သီးထိုးပြီး ခြေဖြင့်ကန်သည်။ အပူးတွင် ဒူးဖြင့်ပင့်သည်။ အသည်းစွဲရော ရွှေဖလားပါ အလဲအကွဲဖြင့် ယှဉ်ပြိုင်ရာ ပရိသတ်များ သဘောကျ၍ လက်ခုပ်သြဘာမစဲဖြစ်ခဲ့ရသည်။ ပဉ္စမအချီတွင် ရွှေဖလား လက်ရည်အသာဖြင့် ထိုးနိုင်သော်လည်း အလဲမထိုးနိုင်၍ အမှတ်ဖြင့်ဆုံးဖြတ်ရာ ဒိုင်လူကြီးငါးဦးအနက် သုံးဦးက အသည်းစွဲကိုအနိုင်ပေးလိုက်သည်။ ပါပူး(မြို့တော်စည်ပင်)နှင့် ထွန်းထွန်းဝင်း(ရွှေကျားမင်း)တို့ ပွဲတွင် ပါပူးက အလုံးအထည်သာသော်လည်း ထွန်းထွန်းဝင်းက စိတ်ဓာတ်အပြည့်ဖြင့် ကြိုးစားယှဉ်ပြိုင်ထိုးသတ်ရာ ပရိသတ်များ အကြိုက်တွေ့ခဲ့ရသည်။ ဒုတိယအချီ ၂ မိနစ် ၄၈ စက္ကန့်တွင် ပါပူးက ထွန်းထွန်းဝင်း၏ မျက်နှာပေါ်သို့ ပွဲသိမ်းလက်သီးပစ်သွင်းကာ အနိုင်ယူသွားသည်။

စစ်သွေး(ဘိလပ်မြေစက်ရုံ)နှင့် ဒေါနအောင်(ရွှေလက်ရာ)တို့ပွဲမှာ ယနေ့ပွဲစဉ်များအနက် အကောင်းဆုံးပွဲတစ်ပွဲ ဖြစ်ခဲ့ပြီး ပရိသတ်များ အထူးအကြိုက်တွေ့ခဲ့သည့်ပွဲ တစ်ပွဲဖြစ်ခဲ့သည်။ ရိုးရာလက်ဝှေ့ကျော် နှစ်ဦးမှာ အသည်းမာမာ၊ ခွဲပါပါဖြင့် ဘတစ်ပြန် ကျားတစ်ပြန် အသာဖြင့် ထိုးနိုင်ခဲ့သည်။ ဒုတိယအချီတွင် ရွှေထွန်းယုံ၏ လက်သီးချက်များ နိုင်းဝမ်းလေးမျက်နှာပေါ်သို့ တရစပ်ကျရောက်လာပြီး တတိယအချီတွင်မူ နှစ်ဦးစလုံး အလဲအကွဲဖြစ်လာသည်။



**ဖယ်သာဝိတ်တန်း ကွာတားဖိုင်နယ်တွင် နိုင်းဝမ်းလေး(မြို့တော်စည်ပင်)၏ ညာဝိုက်လက်သီး ရွှေထွန်းယုံ(ဘိလပ်မြေစက်ရုံ)၏ မျက်နှာကို ထိမှန်ခဲ့သော်လည်း စတုတ္ထအချီ၌ ရွှေထွန်းယုံအနိုင်ရသွားသည်။** ဓာတ်ပုံ-စိုးညွန့်(ကြေးမုံ)

ယှဉ်ပြိုင်ထိုးသတ်ရာ အချီပြည့်သည်အထိပင် အရှုံးအနိုင်မပေါ်၍ အမှတ်ဖြင့်ဆုံးဖြတ်ခဲ့ရသည်။ စစ်သွေးကို ဒိုင်လူကြီး ငါးဦးစလုံးက အနိုင်ပေးလိုက်သည်။ သိုးကောင်း(မြန်မာပြည်သား)နှင့် ဝိုင်ဝိုင်း(တောင်ကလေး)တို့ပွဲမှာလည်း လက်ရည် မတိမ်းမယိမ်းရှိခဲ့သဖြင့် ငါးချီပြည့်သည်အထိ အရှုံးအနိုင် မပေါ်ခဲ့ပေ။ အမှတ်ဖြင့် ဆုံးဖြတ်ရာတွင် ဒိုင်လူကြီးငါးဦးစလုံးက သိုးကောင်းကို အနိုင်ပေးလိုက်သည်။ အကြိုဗိုလ်လုပွဲတွင် အသည်းစွဲနှင့် ပါပူး၊ စစ်သွေးနှင့် သိုးကောင်းတို့ ယှဉ်ပြိုင်ရမည်ဖြစ်သည်။

ဖယ်သာဝိတ်တန်းတွင် အကြိုဗိုလ်လုပွဲသို့ ဘိုင်ရထားသော ရှမ်းသွေးလေးနှင့် အတူ စွမ်းအားရှင်၊ ရွှေထွန်းယုံနှင့် ဒေါဂျစ်တို့ တက်ရောက်သွားကြသည်။ စွမ်းအားရှင် (နှစ်ရှည်ဥယျာဉ်ခြံ) နှင့် မိုက်ခဲ(တောင်ကလေး)တို့ပွဲတွင် ပထမအချီ ၂၈ စက္ကန့်၌ စွမ်းအားရှင်၏ ညာခြေကန်ချက် မိုက်ခဲကိုထိပြီး ဒူးလည်သွားရာ ဆက်လက်မယှဉ်ပြိုင်နိုင်တော့သဖြင့် စွမ်းအားရှင်အနိုင်ရသွားသည်။ ရွှေထွန်းယုံ(ဘိလပ်မြေစက်ရုံ)နှင့် နိုင်းဝမ်းလေး(မြို့တော်စည်ပင်) တို့ပွဲမှာလည်း ပွဲကောင်းတစ်ပွဲဖြစ်ခဲ့ပြီး အလဲအကွဲများဖြင့် အဆုံးသတ်ခဲ့သည်။ ပထမအချီ စကတည်းက နှစ်ဦးစလုံး မရှောင်စတမ်းထိုးသတ်ကြပြီး နိုင်းဝမ်းလေးက လက်ရည်ရွှေထွန်းယုံမှာ မျက်နှာတစ်ခုလုံးဖူးရောင်လာသော်လည်း အသည်းမာသူပီပီ ခွဲကောင်းကောင်းဖြင့်ယှဉ်ပြိုင်ရာ စတုတ္ထအချီ ၃၃ စက္ကန့်တွင် နိုင်းဝမ်းလေး လက်ဆစ်ပြုတ်သွားပြီး ဆက်လက်မယှဉ်ပြိုင်နိုင်၍ ရွှေထွန်းယုံအနိုင်ရရှိသွားသည်။ ဒေါဂျစ်(လယ်/ဆည်)နှင့် သောကြာထွန်း(ရန်ကုန်တိုင်း) ပွဲတွင် ပထမအချီ ၁ မိနစ် ၅၁ စက္ကန့်တွင် ဒေါဂျစ်ကအလဲထိုးဖြင့် အနိုင်ရရှိသွားသည်။

လိုက်မစ်ဒယ်ဝိတ်တန်းတွင် ဘိလပ်မြေစတား (ဘိလပ်မြေစက်ရုံ) နှင့် စောဟရေမူး(K.L.N)တို့ပွဲတွင် ပွဲစလျှင်စချင်းပင် ဘိလပ်မြေစတားက တရစပ်ဝင်ထိုးရာ စောဟရေမူး အထိနာလာသည်။ ၂မိနစ် ၂၁စက္ကန့်တွင် လက်ရည်မမျှသဖြင့် ဒိုင်ပွဲရပ်ဖြင့် ဘိလပ်မြေစတား အနိုင်ရရှိသွားသည်။ ဒူးအပင့်၊ အတိုက်များကို အားပြုထိုးသတ်သွားသည့် ကြယ်တစ်ပွင့်(မြန်မာပြည်သား) နှင့် အာကာဟိန်း (မြို့တော်စည်ပင်) တို့ပွဲမှာလည်း သူတစ်ပြန် ကိုယ်တစ်လှည့် ရှိလှသည်။ တတိယအချီ ၂ မိနစ် ၃၁ စက္ကန့်တွင် ကြယ်တစ်ပွင့်က အလဲထိုးဖြင့် အနိုင်ရရှိသွားသည်။

အကြိုဗိုလ်လုပွဲစဉ်များကို စက်တင်ဘာ ၁ရက်နှင့် ၂ရက်တို့တွင် ဆက်လက်ကျင်းပမည်ဖြစ်သည်။

(ကြေးမုံ)

## အင်တာနက် အားကစားသတင်းများ

# မစ်ဒယ်ဘရော့နှင့် နယူးကာဆယ်သရေကျ မန်ယူက စပါးကို တစ်ဂိုး-ဂိုးမရှိဖြင့်နိုင်

**လန်ဒန်　ဩဂုတ်　၂၆**

အင်္ဂလိပ်ပရီမီယာလိဂ် ဘောလုံးပြိုင်ပွဲ ပွဲစဉ်(၄)ကို ယနေ့ ဆက်လက်ကျင်းပသည်။ ရေးဗားဆိုက် စတေဒီယမ်ကွင်းတွင်ကျင်းပသည့် ပရီမီယာလိဂ် ဘောလုံးပြိုင်ပွဲတွင် မစ်ဒယ်ဘရော့နှင့် နယူးကာဆယ်အသင်းတို့ တစ်ဖက်နှစ်ဂိုးစီဖြင့် သရေကျခဲ့ကြသည်။

ပွဲချိန် ၂၂မိနစ်တွင် နယူးကာဆယ်အသင်းမှ ချားလ်စ်အင်န်ဇော်ဘီယာက ဂိုးသွင်းနိုင်ခဲ့ပြီး မစ်ဒယ်ဘရော့အသင်းမှ မီဒိုက ပွဲချိန် ၂၈မိနစ်တွင် ချေပဂိုး သွင်းယူခဲ့သည်။ ပွဲချိန် ၇၇မိနစ်တွင် နယူးကာဆယ်အသင်းမှ ဗီဒူကာက ဂိုးသွင်းခဲ့ပြီး ပွဲချိန် မိနစ် ၈၀တွင် အာကာက ချေပဂိုးသွင်းခဲ့သည်။

**မန်ယူ-စပါး**

ပရီမီယာလိဂ် ဘောလုံးပြိုင်ပွဲ ပွဲစဉ်(၄)တွင် ပါဝင်သော မန်ချက်စတာယူနိုက်တက်အသင်းနှင့် စပါးအသင်းတို့ အင်္ဂလန်မြောက်ပိုင်း မန်ချက်စတာမြို့တွင် ယနေ့ယှဉ်ပြိုင်ကစားကြရာ မန်ချက်စတာယူနိုက်တက်အသင်းက တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိသည်။

မန်ချက်စတာယူနိုက်တက်အသင်းသည် လက်ရှိဘောလုံးရာသီတွင် စပါးအသင်းကို အနိုင်ရရှိခြင်းမှာ ပထမဆုံးအကြိမ်ဖြစ်သည်။

မန်ချက်စတာယူနိုက်တက်အသင်းအတွက် တစ်လုံးတည်းသော အနိုင်ဂိုးကို ပွဲ ချိန် ၆၈ မိနစ်တွင် လူးဝစ်ကာလို့စ်နာနီက သွင်းယူခဲ့သည်။ နာနီသည် ကိုက် ၃၀ အကွာမှနေ၍ သေသပ်လှပစွာ ကန်သွင်းနိုင်ခဲ့သည်။

***အင်တာနက်***



**ဩဂုတ် ၂၆ ရက်က ကျင်းပသည့် ပရီမီယာလိဂ်ဘောလုံးပြိုင်ပွဲတွင် နယူးကာဆယ်အသင်းမှ ဗီဒူကာ မစ်ဒယ်ဘရော့အသင်းဘက်သို့ ဂိုးသွင်းစဉ်။**
*(ဓာတ်ပုံ-အင်တာနက်)*

# ဘောလုံးသမားနှစ်ဦး ရွှေ့ပြောင်းမည်ဆိုမှု ဘော်လ်တန်မန်နေဂျာ ငြင်းဆို

**လန်ဒန်　ဩဂုတ်　၂၆**

နီကိုလပ်စ်အန်နယ်လ်ကာနှင့် အယ်လ်ဟက်ချီ ဒိုင်အော့ဖ်တို့သည် ဘောလုံးသမား အပြောင်းအရွှေ့ကာလ မကုန်ဆုံးမီ ဘော်လ်တန်အသင်းမှ နုတ်ထွက်ဖွယ်ရှိသည်ဆိုသော ပြောဆိုချက်များမှာ မှန်ကန်ခြင်းမရှိကြောင်း ဘော်လ်တန်အသင်းမန်နေဂျာ ဆမ်မီလီးက ယနေ့ပြောကြားသည်။

အန်နယ်လ်ကာသည် စနေနေ့က ရီးဒင်းအသင်းနှင့် ယှဉ်ပြိုင်ကစားသည့်ပွဲ၌ ဂိုးသွင်းပေးခဲ့သူ ဖြစ်သည်။

မိမိသည် အန်နယ်လ်ကာနှင့် ဒိုင်အော့ဖ်တို့အား အသင်း၌ ဆက်လက်ရှိနေစေလိုကြောင်း၊ ၎င်းတို့မှာ မိမိ၏အသင်းအတွက် အကောင်းဆုံးဘောလုံးသမားများဖြစ်ကြောင်း မန်နေဂျာ ဆမ်မီလီးက ပြောကြားသည်။ ***အင်တာနက်***



**အာဆင်နယ်အသင်း၏ကွင်းလယ် ကစားသမား ဂီလ်ဘာတိုဆေးလ်ဗား။** *(ဓာတ်ပုံ-အင်တာနက်)*

# ဂီလ်ဘာတိုဆေးလ်ဗား အာဆင်နယ်၌ ဆက်ရှိမည်

**လန်ဒန် ဩဂုတ် ၂၆**

မိမိသည် အသင်းခေါင်းဆောင်အဖြစ်ရွေးချယ်ခံရခြင်းမရှိသော်လည်း အာဆင်နယ်အသင်းတွင် ဆက်လက်ရှိနေမည်ဖြစ်ကြောင်း ဘရာဇီးဘောလုံးသမား ဂီလ်ဘာတိုဆေးလ်ဗားက ယနေ့ ပြောကြားသည်။

အသက် (၃၀)အရွယ်ရှိ ကွင်းလယ်ကစားသမား ဂီလ်ဘာတိုသည် လွန်ခဲ့သည့် ဘောလုံးရာသီတွင် သီယာရီဟင်နရီ ပါဝင်ကစားနိုင်ခြင်းမရှိသော ဘောလုံးပြိုင်ပွဲများ၌ အသင်းခေါင်းဆောင်သဖွယ် ဦးဆောင်ကစားခဲ့သူဖြစ်သည်။

ပြီးခဲ့သည့် နွေရာသီတွင် ဘာစီလိုနာအသင်းသို့ ဟင်နရီ ပြောင်းရွှေ့သွားသည့်အခါ အာဆင်နယ်အသင်း၏ အသင်းခေါင်းဆောင်အဖြစ် ဂီလ်ဘာတိုအားရွေးချယ်မည်ဟု မျှော်လင့်ခဲ့ကြသည်။ သို့ရာတွင် မန်နေဂျာအာဆင်းဝင်းဂါးက ဝီလီယံဂေါလပ်စ်အား အသင်းခေါင်းဆောင်အဖြစ် ရွေးချယ်ခဲ့သည်။ ***အင်တာနက်***

# လီဗာပူးဘောလုံးသမားနှစ်ဦး ဒဏ်ရာပျောက်အောင်စောင့်ရန်လို

**လန်ဒန် ဩဂုတ် ၂၆**

ဩဂုတ် ၂၅ ရက်က ကျင်းပသည့် ပရီမီယာလိဂ် ဘောလုံးပြိုင်ပွဲတွင် ဆန်ဒါလန်းအသင်းနှင့် ယှဉ်ပြိုင်ကစားစဉ် ထိခိုက်ဒဏ်ရာရခဲ့သော ဂျမီကာရပ်ဖာနှင့် ဆာမိဟာစ်ပီးယားတို့ ပြန်လည်နာလန်ထူရန် အချိန်မည်မျှစောင့်စားရမည်ကို မိမိမသိနိုင်သေးကြောင်း လီဗာပူးမန်နေဂျာ ရာဖေးလ်ဘင်နီတက်ဇ်က ယနေ့ ပြောကြားသည်။

၎င်းတို့နှစ်ဦးသည် ပြင်သစ်နိုင်ငံ တူလောက်စ်မြို့၌ အင်္ဂါနေ့တွင် ကျင်းပမည့် ချန်ပီယံလိဂ်ဘောလုံးပြိုင်ပွဲ ခြေစစ်ပွဲ၌ ပါဝင်ကစားနိုင်မည်မဟုတ်ကြောင်း ဘင်နီတက်ဇ်က ပြောကြားသည်။ ***အင်တာနက်***




**လန်ဒန်မြို့ မိုးကုတ်ဝိပဿနာ ရိပ်သာ ကျောင်းတော်ကြီးဖြစ်မြောက်ရေးကော်မတီ(ရွှေသီဂီရတနာဓမ္မာရုံ၊ အမှတ်၉၈၊ ရွှေဘုံသာလမ်း၊ ပန်းဘဲတန်းမြို့နယ်)သို့ နှစ်ဖက်မိဘများအားရည်စူး၍ ပန်းဘဲတန်းမြို့နယ် ၂၈လမ်းနေ ဦးဖြူလွင်၊ ဒေါ်ရှုယုံ၊ သမီးမငွေငွေဝင်း၊ မခင်သန်းငွေ မခင်ဖုန်းလွင်၊ သားမောင်ဇော်ထက် မိသားစုက ငွေကျပ် ၁၀၀၀၀၀လှူဒါန်းရာ ဥက္ကဋ္ဌ မဟာသဒ္ဓမ္မဇောတိကဓဇ ဦးကျော်ခင်မြင့် လက်ခံယူစဉ်။** (က-ပ)



**၂၀၀၇ခုနှစ် ဩဂုတ် ၅ရက်မှ ၁၂ရက်အထိ ကျင်းပခဲ့သော (၁၃)ကြိမ်မြောက် အသက်(၁၈)နှစ်အောက် ပြည်နယ်နှင့်တိုင်း ဘော်လီဘောပြိုင်ပွဲ၏ အမျိုးသားပြိုင်ပွဲတွင် ဗိုလ်စွဲခဲ့သော ရှမ်းပြည်နယ်(တောင်ပိုင်း) အသင်းအား** Kan Group **ဥက္ကဋ္ဌ ဦးစံလွင်က** Excel **ဟိုတယ်တွင် ဂုဏ်ပြုညစာဖြင့် တည်ခင်းဧည့်ခံပြီး ဂုဏ်ပြုချီးမြှင့်ရာ အသင်းအုပ်ချုပ်သူ ဦးမောင်မောင်လောက်နှင့်ဦးခင်မောင်ငွေတို့လက်ခံရယူစဉ်။** (ကြေးမုံ)

## လှူဒါန်း



ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် သမိုင်းဝင် အပရာဇိတဆံတော်ရှင် ကျိုက်ဝိုင်း စေတီတော်မြတ်ကြီး တောင်ဘက်စောင်းတန်းတော်ကြီးတည် ဆောက် ရန်အတွက် ကမာရွတ်မြို့နယ် လှည်းတန်း ဘုရင့်နောင်တာဝါ(၂)နေ ဦးထွန်းဝင်း-ဒေါ်ကြူကြူခင် မိသားစုက ငွေကျပ်နှစ်သိန်း လှူဒါန်းရာ စေတီတော်ဂေါပက အဖွဲ့ဝင်များဖြစ်ကြသည့် ဦးသိန်းထွန်းနှင့် ဦးအုန်းကြိုင်တို့ လက်ခံယူစဉ်။

(ကြေးမုံ)

## စေ့စပ်ကြောင်းလမ်းပြီးစီးခြင်း

ရန်ကုန်မြို့၊ အမှတ် ၃၂(ကေ-၁)၊ နတ်မောက်ရိပ်သာလမ်းသွယ်၊ ဆရာစံရပ်ကွက်၊ ဗဟန်းမြို့နယ်နေ ကပ္ပတိန် ခင်မောင်ကြည် (ရေယာဉ်မှူး၊ ငြိမ်း-မြန်မာ့ကြယ်ငါးပွင့်သင်္ဘောလုပ်ငန်း)-(ဒေါ်ခင်စောမြင့်)- ဒေါ်ဆန်းဆန်းလှ (ကထိက၊ ငြိမ်း၊ စီးပွားရေးတက္ကသိုလ်၊ ရန်ကုန်) တို့၏ သားကြီး

**မောင်အေးမောင်မောင်ကြည်** Pg.D,M.Sc(Candidate)
Strategic Business IT, University of Portsmouth

နှင့်

ရန်ကုန်မြို့၊အမှတ် ဘီ ၄/၇၀၄၊ရွှေဂုံသူအိမ်ရာ၊ ကြည့်မြင်တိုင်မြို့နယ်နေ ဦးအောင်မောင်း-ဒေါ်ချိုချိုဆွေတို့၏ တစ်ဦးတည်းသောသမီး

**ဒေါက်တာယဉ်နွယ်ဦး**
M.B.,B.S.(Ygn)

တို့သည် ၂၅-၈-၂၀၀၇ရက်(စနေနေ့)တွင် ရန်ကုန်မြို့ ဆီဒိုးနားဟိုတယ် မင်းတုန်းခန်းမ၌ နှစ်ဖက်သော မိဘဆွေမျိုးများ ရှေ့မှောက်တွင် စေ့စပ်ကြောင်းလမ်း ပြီးစီးပါကြောင်း။

**နှစ်ဖက်သောမိဘများနှင့်**
**မောင်အေးမောင်မောင်ကြည်-ဒေါက်တာယဉ်နွယ်ဦး**

## စေ့စပ်ကြောင်းလမ်းပြီးစီးခြင်း

ရန်ကုန်မြို့၊ အလုံမြို့နယ်၊ စောရန်ပိုင်တောင်ရပ်ကွက်၊ ကျောင်းလမ်း၊ အမှတ်(၆၅)နေ ဦးပေါက်ပေါက်ဦး (S.L -Electronic)- ဒေါ်ချိုချိုဦးတို့၏ သားကြီး

**မောင်ပြည့်စုံဦး**
2nd Year(Physics)

နှင့်

ရန်ကုန်မြို့ ကြည့်မြင်တိုင်မြို့နယ်၊ ပန်းလှိုင်ရပ်ကွက်၊ တိုက်(၆)၊ အခန်း(၁၆)နေ ဦးစိုးမြင့်[ရေယာဉ်မှူး၊ (ငြိမ်း) မွေးမြူရေးနှင့် ရေလုပ်ငန်းဦးစီးဌာန၊ အလုံ]-ဒေါ်ကြည်ကြည်မော်တို့၏သမီးကြီး

**မခိုင်ဝင့်ဝါလွင်**
B.A (English)

တို့သည် ၂၄-၈-၂၀၀၇ရက်နေ့တွင် နှစ်ဖက်သောမိဘများ၏ သဘောတူညီချက်အရ စေ့စပ်ကြောင်းလမ်းပြီးစီးပါကြောင်း။

**နှစ်ဖက်သောမိဘများနှင့်**
**မောင်ပြည့်စုံဦး-မခိုင်ဝင့်ဝါလွင်**

## မြန်မာနိုင်ငံ ခြင်းလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌဖလား မြန်မာ့ရိုးရာ ခြင်းလုံးခတ်ပြိုင်ပွဲ ကျင်းပမည်

**ရန်ကုန် ဩဂုတ် ၂၆**

သတ္တမအကြိမ်မြောက် အဖွဲ့ချုပ်ဥက္ကဋ္ဌဖလား မြန်မာ့ရိုးရာခြင်းလုံးခတ်ပြိုင်ပွဲကို ၂၀၀၇ ခုနှစ် စက်တင်ဘာ ၂၅ရက်မှ ၂၉ရက်အထိ နေ့စဉ်မွန်းတည့် ၁၂နာရီမှ စတင်၍ ရန်ကုန်မြို့ အောင်ဆန်းအားကစားပြိုင်ဝင်း မိုးလုံလေလုံ ပြိုင်ပွဲရုံ၌ ကျင်းပမည်ဖြစ်သည်။

### ပြိုင်ပွဲအဆင့်များ

ပြိုင်ပွဲအဆင့်များမှာ ခြောက်ပေါက်တန်း(၆-မျိုးတန်း)ဖြစ်ပြီး ပြိုင်ပွဲသို့ ဝင်ရောက်မည့်အသင်းများသည် ၂၀၀၇ ခုနှစ် စက်တင်ဘာ ၂၁ရက် နောက်ဆုံးထားပြီး မြန်မာနိုင်ငံ ခြင်းလုံးအဖွဲ့ချုပ်ရုံး အောင်ဆန်း အားကစားပြိုင်ဝင်းသို့ သတင်းပို့ရမည်။ ပြိုင်ပွဲဝင် ၁၀သင်းထက် ပိုမိုပါဝင်ပါက ခြေစစ်ပွဲကျင်းပမည်။ ခြေစစ်ပွဲကို စက်တင်ဘာ ၂၄ရက် နံနက် ၉နာရီမှ စတင်၍ မိုးလုံလေလုံ ပြိုင်ပွဲရုံ အောင်ဆန်းအားကစား ပြိုင်ဝင်း၌ပင် ကျင်းပမည်ဖြစ်သည်။

ခြေစစ်ပွဲအောင်အသင်း ၁၀သင်းအား တစ်သင်းလျှင် အားကစားဝတ်စုံ ၁၀စုံနှင့် ပံ့ပိုးငွေကျပ် သုံးသောင်း ထောက်ပံ့မည်။ ပြိုင်ပွဲတွင် ငွေသားဆု ပထမ ငွေကျပ်တစ်သိန်း၊ ဒုတိယ ငွေကျပ် ခုနစ်သောင်း၊ တတိယ ငွေကျပ် ငါးသောင်း ချီးမြှင့်မည်။ ပြိုင်ပွဲနောက်ဆုံးနေ့တွင် အနိုင်ရအသင်း သုံးသင်းအား ချန်လုပ်၍ ကျန်ဆုမရအသင်းများအား တီဗွီတစ်လုံး မဲနှိုက်၍ ကံစမ်းစေမည် ဖြစ်သည်။

ပြိုင်ပွဲသို့ ဝင်ရောက်လိုသည့် အသင်းများသည် ပြိုင်ပွဲနှင့်ပတ်သက်၍ အသေးစိတ် သိလိုပါက ဦးသန်းမောင် ဒုတိယဥက္ကဋ္ဌ ဖုန်း-၇၀၅၀၇၀၊ ၀၉၈၀-၂၂၅၃၂၊ ဦးမျိုးမြင့် တွဲဖက်အတွင်း ရေးမှူး ဖုန်း-၂၂၆၈၇၂ နှင့် ဦးခင်မောင် မြင့် အတွင်းရေးမှူး ခြင်းလုံးအဖွဲ့ချုပ်ရုံး အောင်ဆန်းအားကစားပြိုင်ဝင်း တို့သို့ ဆက်သွယ်စုံစမ်း မေးမြန်းနိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)




**ရန်ကုန်တိုင်း မြောက်ဥက္ကလာပမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံးခန်းမတွင် ဩဂုတ် ၁၁ ရက်က နိုင်ငံသားအရည်အချင်း ပြည့်မီသူများအား နိုင်ငံသားစိစစ်ရေးကတ်ပြား ထုတ်ပေးခြင်း အခမ်းအနား ကျင်းပရာ ရန်ကုန်တိုင်း လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေး ဦးစီးဌာန တိုင်းဦးစီးမှူး ဦးလှဒေါင်းနှင့် ခရိုင်၊ မြို့နယ်ဦးစီးမှူးများ၊ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူးတို့က နိုင်ငံသားစိစစ်ရေးကတ်ပြားများကို တစ်ဦးချင်း ပေးအပ်စဉ်။** (မြို့နယ်လူဝင်မှုကြီးကြပ်ရေး)

## ညောင်တုန်းမြို့နယ်အသင်း ဝါဆိုသင်္ကန်းဆက်ကပ်

**ရန်ကုန် ဩဂုတ် ၂၆**

ညောင်တုန်းမြို့နယ်အသင်း(ရန်ကုန်)၏ ဒသမအကြိမ် ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲကို ဩဂုတ် ၁၉ရက် မွန်းလွဲ ၂ နာရီတွင် ဗဟန်းမြို့နယ် ကြားတောရလမ်းရှိ သာသနာလင်္ကာရ မဟာဓမ္မဗိမာန်တော်ကြီးတွင် ကျင်းပရာ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် ညောင်တုန်းဆရာတော်ကြီး အမှူးပြုသော ညောင်တုန်းနွယ်ဖွား ဆရာတော်ကြီးများ ကြွရောက်တော်မူကြသည်။

အခမ်းအနားတွင် နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်ဓမ္မိကာရုံပါဠိတက္ကသိုလ် သိမ်ကုန်းကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တကုမာရ (အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ) ထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြပြီး နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် ဘဒ္ဒန္တသြဘာသ ဘိဝံသ(အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက) ထံမှ ဩဝါဒကထာနာယူကြသည်။ ထို့နောက် အသင်းဥက္ကဋ္ဌ ဦးခင်မောင်လေး (ဖိုးသောကြာ)က လျှောက်ထားကာ အသင်း နာယကများနှင့် အလှူရှင်များက ဝါဆိုသင်္ကန်းများ ဆက်ကပ်လှူဒါန်းကြသည်။

(က-ပ)



## တက္ကသိုလ်အားကစားသမားဟောင်းများ အာစရိယပူဇော်

**ရန်ကုန် ဩဂုတ် ၂၆**

တက္ကသိုလ် အားကစားသမားဟောင်းများ၏ ပထမအကြိမ် အာစရိယပူဇော်ပွဲကို ယနေ့နံနက် ၈နာရီခွဲတွင် ရန်ကုန်တက္ကသိုလ်နယ်မြေရှိ တက္ကသိုလ်များဓမ္မာရုံ၌ ကျင်းပရာ တက္ကသိုလ်အားကစားသမားဟောင်းများနှင့် တက္ကသိုလ်ကျောင်းသားဟောင်းများ တက်ရောက်ကြသည်။ **(အပေါ်ပုံ)**

ရှေးဦးစွာ အခမ်းအနားမှူး ဦးကျော်ဦး(လက်ထောက်ညွှန်ကြားရေးမှူး-အား/ကာ)နှင့် ကျင်းပရေးဥက္ကဋ္ဌ ဦးမောင်မောင်တို့က တက္ကသိုလ်အားကစားသမားကို ထူးချွန်ပြောင်မြောက်အောင် မြှင့်တင်ပေးခဲ့ကြသော ဆရာကြီးဦးညိမ်း (အားကစားအရာရှိ-ငြိမ်း)၊ ဆရာကြီး ဦးဘတုတ်(ပါမောက္ခချုပ်-ငြိမ်း)၊ ဆရာကြီး ဒေါက်တာခင်မောင်ဝင်း(ပညာရေးဝန်ကြီး-ငြိမ်း)၊ ဆရာကြီး ဒေါက်တာမောင်ဒီ (ဒုတိယဝန်ကြီး-ငြိမ်း)တို့၏ ကျေးဇူးတရားများနှင့် အာစရိယပူဇော်ပွဲ ကျင်းပရခြင်းကို ရှင်းလင်းပြောကြားပြီး ဆရာကြီးများအား လက်အုပ်ချီမိုးကန်တော့ကြသည်။ ထို့နောက် တက္ကသိုလ်အားကစားသမားဟောင်းတစ်ဦးဖြစ်သူ ဒိုင်လူကြီး ဦးဝေလင်းက ကျေးဇူးတင်စကား ပြောကြားသည်။

(ကြေးမုံ)

## အဆင့်မြင့် မင်္ဂလာဈေး၌ ရက်လွန်ဆေးဝါးများ ဖျက်ဆီး

**ရန်ကုန် ဩဂုတ် ၂၆**

ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ် အဆင့်မြင့်မင်္ဂလာဈေး ခေါင်မိုးထပ်၌ ဩဂုတ် ၁၁ရက် နံနက် ၁၀နာရီတွင် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဈေးများဌာနနှင့် ကျန်းမာရေးဝန်ကြီးဌာန အစားအစာနှင့်ဆေးဝါးများ ကြီးကြပ်ကွပ်ကဲရေးအဖွဲ့တို့၏ ကြီးကြပ်မှုနှင့်အညီ ရန်ကုန်တောင်ပိုင်းခရိုင် ဈေးများဌာန လက်ထောက်ဌာနမှူး ဦးမောင်မောင်အေးနှင့် ဈေးများဌာန ဌာနခွဲမှူး၊ ဌာနစုမှူးနှင့် အဆင့်မြင့်မင်္ဂလာဈေးတာဝန်ခံတို့ ပူးပေါင်းပါဝင်လျက် မင်္ဂလာဈေး ဆေးကိုယ်စားလှယ်များ၊ ဆေးရောင်းချသော ဈေးသူ၊ ဈေးသားများက အန္တရာယ်ဖြစ်စေနိုင်သော ရက်လွန်ဆေးဝါးများကို မိမိတို့၏ အသိစိတ်ဓာတ်ဖြင့် လက်ရောက်အပ်နှံထားပြီး ရက်လွန်ဆေးဝါး တန်ဖိုးကျပ်၃၁၂သိန်းခန့်ကို ခင်းကျင်းပြသထားပြီးနောက် ဖျက်ဆီးပွဲအခမ်းအနား ကျင်းပသည်။

အဆိုပါ အခမ်းအနားတွင် ကျန်းမာရေးဝန်ကြီးဌာန အစားအစာနှင့်ဆေးဝါးများ ကြီးကြပ်ကွပ်ကဲရေးအဖွဲ့ဦးစီးအရာရှိ ဒေါက်တာ မြတ်သူသူဝင်း၊ မြန်မာနိုင်ငံ ဆေးနှင့်ဆေးပစ္စည်း ကုန်သည်များနှင့် လုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ ဒေါက်တာမောင်မောင်လေး၊ အတွင်းရေးမှူး ဒေါက်တာစောလှထွန်းနှင့် အဖွဲ့ဝင်များ၊ မင်္ဂလာတောင်ညွန့်မြို့နယ် ကျန်းမာရေးဦးစီးဌာနမှ ဒေါက်တာ သက်သက်မာ၊ ဈေးများဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီမှ တာဝန်ရှိသူများ၊ မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးဇော်လင်းနှင့် အမှုဆောင်များ၊ မင်္ဂလာတောင်ညွန့်မြို့နယ် မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုရဲမှူး ကံဝင်း၊ ဈေးသာယာရေးအဖွဲ့နှင့် ဈေးသူဈေးသားများ၊ ဖိတ်ကြားထားသော စာပေနှင့် စာနယ်ဇင်းမှ ပုဂ္ဂိုလ်များ တက်ရောက်ကြကာ ရက်လွန်ဆေးဝါးများအား မြေမြှုပ်မီးရှို့ဖျက်ဆီးကြကြောင်း သတင်းရရှိသည်။ **(ဝဲပုံ)**

(သတင်းစဉ်)



## ဘုရင့်နောင်ကျော်ထင်နော်ရထာ ရာဇဝင်ဝတ္ထုတော်ကြီး ရွှေမြန်မာစာပေမှ စတုတ္ထအကြိမ် ထုတ်ဝေဖြန့်ချိ

**ရန်ကုန် ဩဂုတ် ၂၆**

မြန်မာတို့သည် ရှေးယခင်ကပင် မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ခဲ့ပုံ၊ နိုင်ငံတစ်နိုင်ငံ အဓွန့်ရှည်တည်တံ့ ခိုင်မြဲရေးအတွက် ဒို့တာဝန်အရေးသုံးပါး၏ အရေးပါပုံတို့ကို ဖော်ညွှန်း မော်ကွန်းတင်ထားသည့် မြန်မာ့အလင်းသတင်းစာတိုက် စာတည်းမှူး ဦးလှိုင်ဝင်း (စာရေးဆရာ တက္ကသိုလ်မောင်သုလှိုင်)ရေးသားသော **ဘုရင့်နောင်ကျော်ထင်နော်ရထာ ရာဇဝင်ဝတ္ထုတော်ကြီး** စာအုပ်ကို ဂူဖရီးစက္ကူချော၊ ရောင်စုံဓာတ်ပုံများဖြင့်ရွှေမြန်မာစာပေမှ ထုတ်ဝေဖြန့်ချိလိုက်သည်။ **(ယာပုံ)**




### ရေးဖွဲ့ထား

အဆိုပါစာအုပ်တွင် ဘုရင့်နောင်မင်းတရားကြီး မွေးဖွားခဲ့သည်မှအစ နတ်ရွာစံတော်မူသည်အထိ တိုင်းပြည် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးဖွံ့ဖြိုးတိုးတက်အောင်၊ သာသနာတော်ထွန်းကားပြန့်ပွားအောင် ကြိုးပမ်းခဲ့မှုသမိုင်း ဖြစ်ရပ်မှန်များ အပြင် ငယ်စဉ်ဘဝ အချစ်ရေး၊ အိမ်ထောင်ရေးကိစ္စရပ်များကိုပါ ဝတ္ထုပုံစံဖြင့် ရေးဖွဲ့ထားသည်။

### ဝယ်ယူနိုင်

စာကြည့်တိုက်များတွင် ထားရှိသင့်သည့် အဆိုပါစာအုပ်ကို ရွှေမြန်မာစာပေ ဖုန်း-၀၁-၃၈၂၁၈၆၊ ၀၉-၅၀၀-၆၃၇၇၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းစာအုပ်ဆိုင် ဖုန်း-၂၉၄၃၀၆နှင့် ရန်ကုန်မြို့ရှိ စာအုပ်ဆိုင်ကြီးများ၊ မန္တလေးမြို့ နဂါးစာပေ ဖုန်း-၀၉-၂၀၀၄၂၁၀၊ ထွန်းဦးစာပေ ဖုန်း-၀၉-၂၀၀၅၈၂၈၊ ၀၂-၇၂၅၁၈တို့၌ တစ်အုပ်လျှင် ကျပ်သုံးထောင်ဖြင့် ဆက်သွယ်ဝယ်ယူနိုင်ကြောင်း သိရသည်။

**(က-ပ)**

# တောင်ဥက္ကလာပမြို့နယ်နှင့် လှိုင်မြို့နယ်အတွင်းရှိ ဘုန်းတော်ကြီးစာသင်တိုက်နှင့် သီလရှင်စာသင်တိုက်များသို့ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ဆေး၊ ပဲနှင့် ဆွမ်းပဒေသာပင်အလှူငွေများ ပေးအပ်လှူဒါန်းပွဲ ကျင်းပ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ တက်ရောက်ကြည်ညိုပြီး လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်း

ရန်ကုန် ဩဂုတ် ၂၆

**ရန်ကုန်အရှေ့ပိုင်းခရိုင် တောင်ဥက္ကလာပမြို့နယ်အတွင်းရှိ ဘုန်းတော်ကြီးစာသင်တိုက်၁၉တိုက်သို့ တပ်မတော်(ကြည်း၊ရေ၊လေ)မိသားစုများနှင့် စေတနာရှင်ပြည်သူများ၏ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ဆေး၊ ပဲနှင့်ဆွမ်းပဒေသာပင် အလှူငွေများ ပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို ယနေ့ မွန်းလွဲ၁နာရီတွင် ရန်ကုန်အရှေ့ပိုင်းခရိုင် တောင်ဥက္ကလာပမြို့နယ် ဥက္ကလာပစေတီမဟာမုနိဓမ္မာရုံကြီး၌ ကျင်းပရာ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ တက်ရောက်ကြည်ညိုပြီး ဆရာတော်သံဃာတော်များအား သက်န်းအစရှိသော လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။**

အခမ်းအနားသို့ တောင်ဥက္ကလာပမြို့နယ်အတွင်းရှိ ဘုန်းတော်ကြီးစာသင်တိုက်များမှ ပဓာန နာယကဆရာတော်ကြီးများ ကြွရောက်တော်မူကြပြီး ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်လှဋ္ဌေးဝင်း၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ ဒုတိယမြို့တော်ဝန်ဗိုလ်မှူးကြီးမောင်ပါ၊ တပ်မတော်အရာရှိကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ရန်ကုန်အရှေ့ပိုင်းခရိုင်နှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများနှင့်အဖွဲ့ဝင်များ၊ ဆရာမများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ စေတနာရှင် အလှူရှင်များ၊ ဝတ်အသင်းအဖွဲ့ဝင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြည်ညိုကြသည်။

ရှေးဦးစွာ တောင်ဥက္ကလာပမြို့နယ် ငွေကြာယံပရိယတ္တိစာသင်တိုက် နာယကအဖွဲ့ဝင် စာချဆရာတော် ဓမ္မာစရိယဒီဃဘာဏက ဘဒ္ဒန္တဓမ္မဒိန္နထံမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့် အဖွဲ့ဝင်များ၊ ပရိသတ်များက ငါးပါးသီလ ခံယူဆောက်တည်ကြသည်။

**စာမျက်နှာ ၇ ကော်လံ ၁ သို့ ➪**



**ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ ရန်ကုန်အနောက်ပိုင်းခရိုင် လှိုင်မြို့နယ်အတွင်းရှိ ဘုန်းတော်ကြီးစာသင်တိုက် ၁၃တိုက်နှင့် သီလရှင်စာသင်တိုက် နှစ်တိုက်သို့ တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများနှင့် စေတနာရှင်ပြည်သူများ၏ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ဆေး၊ ပဲနှင့် ဆွမ်းပဒေသာပင် အလှူငွေများ ပေးအပ်လှူဒါန်းပွဲတွင် အလှူရှင်တစ်ဦးထံမှ လှူဒါန်းငွေများကို လက်ခံစဉ်။** (သတင်းစဉ်)

# မဲခေါင်ဒေသနိုင်ငံများ ချစ်ကြည်ရေးဘောလုံးပြိုင်ပွဲ မြန်မာလူငယ်ဘောလုံးအသင်း ဗိုလ်စွဲ

ရန်ကုန် ဩဂုတ် ၂၆

**၂၀၀၇ခုနှစ် ဩဂုတ် ၂၂ရက်မှ ၂၇ရက်အထိ ထိုင်းနိုင်ငံ၌ ကျင်းပလျက်ရှိသော မဲခေါင်ဒေသနိုင်ငံများ ချစ်ကြည်ရေးဘောလုံးပြိုင်ပွဲတွင် မြန်မာလူငယ်ဘောလုံးအသင်းက အနိုင်ရဗိုလ်စွဲသွားသည်။**

မြန်မာလူငယ် အသင်းသည် ငါးသင်းပတ်လည်ယှဉ်ပြိုင်ကစားခဲ့ရာတွင် ရှုံးပွဲမရှိ လေးပွဲစလုံး အနိုင်ရရှိပြီး ဗိုလ်စွဲသွားခြင်းဖြစ်သည်။

မြန်မာလူငယ် အသင်းသည် ဩဂုတ် ၂၄ရက် နံနက်ပိုင်းပြိုင်ပွဲတွင် လာအိုအသင်းကို နှစ်ဂိုး–ဂိုးမရှိဖြင့်လည်းကောင်း၊ ညနေပိုင်းပြိုင်ပွဲတွင် ကမ္ဘောဒီးယားအသင်းကို ဆယ်ဂိုး–ဂိုးမရှိဖြင့် လည်းကောင်း၊ ဩဂုတ် ၂၆ရက် နံနက်ပိုင်းပြိုင်ပွဲတွင် ဗီယက်နမ်

**စာမျက်နှာ ၇ ကော်လံ ၁ သို့ ❍**

## ဗန်းမော်မြို့တွင် မိုးရေချိန်စံချိန်သစ်တင်

**နေပြည်တော် ဩဂုတ် ၂၆**

ယနေ့နံနက် ၉ နာရီခွဲတွင် ဗန်းမော်မြို့၌ တိုင်းထွာရရှိခဲ့သော မိုးရေချိန် ၂၂၉မီလီမီတာ(၉ဒသမ ၀၂ လက်မ)သည် ယင်းမြို့၏ လွန်ခဲ့သော နှစ်ပေါင်း ၄၁ နှစ်အတွင်း ဩဂုတ်လအတွက် အများဆုံး တိုင်းထွာရရှိခဲ့သော ၂၄နာရီ မိုးရေချိန် စံချိန်သစ် ဖြစ်သည်။ ယခင်စံချိန်ဟောင်းမှာ ၁၇၂မီလီ မီတာ (၆ဒသမ ၇၇)လက်မ ဖြစ်ပြီး ၁၉၆၈ ခုနှစ် ဩဂုတ်လ၁၇ရက်နေ့၌ ရှာသွန်းခဲ့ခြင်းဖြစ်ကြောင်း မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှု ဦးစီးဌာနက သတင်းထုတ်ပြန်သည်။

(သတင်းစဉ်)

# အသက်(၁၇)နှစ်အောက် အာဆီယံ လူငယ်ဘောလုံးပြိုင်ပွဲ မြန်မာလူငယ်အသင်းက လာအိုလူငယ်အသင်းကို အနိုင်ရရှိ

ရန်ကုန် ဩဂုတ် ၂၆

**၂၀၀၇ခုနှစ် အသက်(၁၇)နှစ်အောက် အာဆီယံ လူငယ်ဘောလုံးပြိုင်ပွဲကို ယနေ့ ဒေသစံတော်ချိန် မွန်းလွဲ ၂နာရီခွဲတွင် ကမ္ဘောဒီးယားနိုင်ငံ ဖနောင်ပင်မြို့၌ ဆက်လက်ကျင်းပသည်။**

ပြိုင်ပွဲတွင် (ခ)အုပ်စုမှ မြန်မာလူငယ် လက်ရွေးစင်ဘောလုံးအသင်းနှင့် လာအိုလူငယ် လက်ရွေးစင်ဘောလုံးအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ မြန်မာလူငယ်အသင်းက နှစ်ဂိုး–ဂိုးမရှိဖြင့် အနိုင်ရရှိသွားသည်။

**စာမျက်နှာ ၇ ကော်လံ ၁ သို့ ●**

## သိပ္ပံရေးရာအင်တာနက်သတင်းများ



**တေးသီချင်းဖွင့်စက်အတွက် အသုံးပြုနိုင်သော ဘိုင်အိုဘက်ထရီကို တွေ့ရစဉ်။** (ဓာတ်ပုံ–အင်တာနက်)

# သကြားပျော်ရည်မှ ဓာတ်အားထုတ်ယူကာ တေးသီချင်းဖွင့်စက်၌ အသုံးပြုနိုင်မည်

**တိုကျို ဩဂုတ် ၂၆**

သကြားပျော်ရည်မှ လျှပ်စစ်ဓာတ်အားထုတ်ယူကာ ယင်းလျှပ်စစ်ဓာတ်အားကို တေးသီချင်းဖွင့်စက်၌ အသုံးပြုနိုင်မည်ဖြစ်ကြောင်း ဂျပန်ဆိုနီကုမ္ပဏီမှ သိပ္ပံပညာရှင်များက ယနေ့ပြောကြားသည်။

သိပ္ပံပညာရှင်များသည် သကြားပျော်ရည်မှ လျှပ်စစ်ဓာတ်အားထုတ်ယူနိုင်သည့် ဘက်ထရီတစ်မျိုးကို တီထွင်ထုတ်လုပ်ထားသည်။

ဘိုင်အိုဘက်ထရီ (Bio Battery)ဟု အမည်ပေးထားသော လျှပ်စစ်ဓာတ်အိုးကို ဟင်းသီးဟင်းရွက်မှထုတ်လုပ်သော ပလတ်စတစ်ဖြင့်ပြုလုပ်ထားကြောင်း၊ ယင်းဘက်ထရီမှာ ၁ဒသမ ၅လက်မ အရှည်ရှိပြီး သကြားပျော်ရည်မှ အင်ဇိုင်းထုတ်လုပ်ကာ လျှပ်စစ်ဓာတ်အားရရှိနိုင်ကြောင်း၊ တေးသီချင်းဖွင့်စက်များ၌ ယင်းဘက်ထရီကိုအသုံးပြုနိုင်ကြောင်းဆိုနီကုမ္ပဏီမှထုတ်ပြန်သောကြေညာချက်တွင် ဖော်ပြသည်။ ဘိုင်အိုဘက်ထရီသည် လျှပ်စစ်ဓာတ်အား မီလီဝပ်၅၀ထုတ်လုပ်ပေးနိုင်သည်။ **အင်တာနက်။**